မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၃ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့အနေဖြင့် ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိ၊ ကုလသမဂ္ဂနှင့်လည်း အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အဆွေတော်တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်ဆံမှုတိုးမြှင့်ရေးကို အလေးထားဆောင်ရွက်သွားမည်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး)

မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြောင်းအပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်ဟု မိမိယုံကြည်လက်ခံ အမေရိကန်အစိုးရနှင့် လုပ်ဖော်ကိုင်ဖက်များအား မြန်မာနိုင်ငံနှင့် စတင်ဆွေးနွေးရန် လိုအပ်နေပြီဖြစ်သည်ကို အသိပေးပြောကြားသွားမည်

(အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်း)

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံသို့ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

အလေးထား

ထိုသို့ လက်ခံတွေ့ဆုံရာတွင် အဆွေတော်နှင့်အဖွဲ့ကို လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် လက်ခံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အဆွေတော်အနေဖြင့် ယခုခရီးစဉ်မှာ တတိယအကြိမ်ဖြစ်ပြီး ယခင်နှစ်ကြိမ်တွင် ထိုစဉ်က နိုင်ငံ့ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရှိရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ ယခုအခါ အဆွေတော်မျှော်မှန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရသစ် ပေါ်ပေါက်ချိန်တွင် လာရောက်ခဲ့ခြင်းဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် များစွာအကျိုးရှိမည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲပြုလုပ်၍ ပြည်သူအများစု၏ ထောက်ခံဆန္ဒပြုမှုဖြင့် အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူများ အတည်ပြုခဲ့ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာခဲ့ပြီး လွှတ်တော်များက နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ကိုလည်းကောင်း၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးကိုလည်းကောင်း အတည်ပြုဖွဲ့စည်းပေးခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစတင်၍ အစိုးရအဖွဲ့သစ်က နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် မတ်လ ၃၀ ရက်နေ့ လွှတ်တော်တွင် ပြောကြားသည့် နိုင်ငံတော်ရှေ့ဆက်ဖော်ဆောင်သွားမည့် အခြေပြမိန့်ခွန်းတွင်လည်းကောင်း၊ မတ်လ ၃၁ ရက်နေ့တွင် ပြောကြားသည့် အစိုးရအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့်ပတ်သက်သည့် မိန့်ခွန်းတွင်လည်းကောင်း၊ အစိုးရအဖွဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ **နိုင်ငံခြားရေးမူဝါဒအနေဖြင့် လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့်မူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ပါကြောင်း။**

ပူးပေါင်းဆောင်ရွက်

မြန်မာနှင့် အမေရိကန်တို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်က ဆက်ဆံရေးကောင်းမွန်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ၊ ကူညီပံ့ပိုးမှုများ များစွာရှိခဲ့ကြောင်း၊ ဝါဒသဘောချင်းမတူသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်မှာပင် အမေရိကန်တို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ အများအပြားရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စတင်ချင်းနင်းဝင်ရောက်ပြီး ဒီမိုကရေစီနိုင်ငံတော်အဖြစ်

စာမျက်နှာ ၈ ကော်လံ ၁ ❖

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၃ ရက်)

ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဖော်ဆောင် စေတနာမေတ္တာဖြင့် ပေါင်းစပ်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်ထားရှိပြီး ယင်းရည်မှန်းချက်ကို အကောင်အထည်ဖော်ရာ၌ ကျေးလက်ဒေသများအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါက ထိရောက်စွာ ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးပညာခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များကို နိုင်ငံတစ်ဝန်း ဖွင့်လှစ်ပေးခဲ့သည်။

ယနေ့ကာလတွင် မြန်မာ့ဆေးပညာစွမ်းပကား မြင့်မားတိုးတက်လာခြင်းနှင့်အတူ အောင်မြင်မှုများလည်း ရရှိခဲ့ပေသည်။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာတွင် ဆရာဝန် ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများသည် ဆေးဝါးကုသမှုကောင်းမွန်ရုံသာမက နွေးထွေးပျူငှာစွာဖြင့် လူနာ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာခံစားရမှုများ ငြိမ်းအေးပျောက်လျော့ပါးရန်လည်း ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ဆေးရုံကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် လူနာများ၏ အားကိုးချစ်ခင်မှုများရရှိရန် စေတနာ မေတ္တာတရားတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဖော်ဆောင်ရာ၌ အဆင့်မြင့်ဆေးရုံသစ်ကြီး များ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေးဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်အပြင် နိုင်ငံတကာရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိ သည်။

ဆေးပညာရပ်များ ခေတ်မီတိုးတက်လာသည့်အလျောက် အတတ်ပညာရှင်များဖြစ်သည့် ကျွမ်းကျင်သော ပါရဂူများ၊ ဆရာဝန်ကြီးများရှိနေခြင်းသည် မြန်မာနိုင်ငံ၏ ဆေးပညာအဆင့်အတန်းမြင့်မားမှုကို ဖော်ညွှန်းလျက်ရှိသည်။

သို့ဖြစ်ပေရာ ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများသည် လက်တွေ့ဘဝတွင် အတွေ့အကြုံနှင့် လုပ်ငန်းကို စေတနာနှင့်ပေါင်းစပ်၍ အကျိုးရှိစွာအသုံးချခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခွန်စီမံခန့်ခွဲမှုများ ဆက်လက်အကောင်အထည်ဖော်

နေပြည်တော် ဇွန် ၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန တံဆိပ်ခေါင်းခွန်ဌာနခွဲ၏ တံဆိပ်ခေါင်း သိုလှောင်ရုံခန်း၊ အခွန်အမှတ်တံဆိပ် သိုလှောင်ခန်းနှင့် စာရေးကိရိယာ သိုလှောင်ခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အကောင်အထည်ဖော်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခွန်အယူခံခုံအဖွဲ့ရုံးရှိ အခွန်အယူခံအမှုများ ကြားနာစီရင်ဆုံးဖြတ်ပေးသည့် တရားခွင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ အရာထမ်းများအား တွေ့ဆုံ၍ ဌာနအလိုက် လျာထားချက်ပြည့်မီ ကျော်လွန်သည့်အခြေအနေတွင် ရောင့်ရဲမနေဘဲ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ရရှိစေရန် ဆောင်ရွက်ကြရေး၊ ပြည်သူလူထု၏စီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အခွန်စီမံခန့်ခွဲမှုများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရေးစသဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေးငွေ ပေးအပ်

ကြံခင်း ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်း မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသို့ ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းရုံး အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးအဖွဲ့ အတွင်းရေးမှူး ဦးလှိုင်ဝင်းက ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် အဖွဲ့ဝင် ၁၁၃ ဦးအတွက် အဖွဲ့ဝင်ထောက်ပံ့ကြေး ငွေကျပ် ၄၆၂၀၀၀ကို ပေးအပ်ရာ အဖွဲ့ဝင်များကိုယ်စား ရွာသစ်ရပ်ကွက် စည်းရုံးရေးမှူး ဦးလှကိုက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၀၆၉)

စုပေါင်းဆောင်ရွက်

မှော်ဘီမြို့နယ် တပ်ကြီးကုန်း အခြေခံပညာအထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် မြို့နယ်ကျန်းမာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ပန်းအလှပင် စိုက်ပျိုး

ကော့ကရိတ် ဇွန် ၂

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ကော့ကရိတ်မြို့ လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို မေ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလှမြင့်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြဝတီခရိုင်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂

ကရင်ပြည်နယ် မြဝတီခရိုင် သစ်တောဦးစီးဌာန၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို မေ ၃၁ ရက် နံနက်ပိုင်းက မြဝတီမြို့ အောင်မြေရွှေဘုံ မူလတန်းလွန်ကျောင်း၌ကျင်းပရာ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက ရတနာတန်းဝင်ကျွန်း၊ မဟော်ဂနီနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကုက္ကို၊ ဗန်ဒါ၊ ခရေနှင့် မဲဇလီ စသည့် ပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မေ ၂၈ ရက်က တာမွေမြို့နယ် မအူကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်း၊ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အမက(၈) ကျောင်းဝင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ရေစည်၊ ရေကန်များအတွင်း ဖုံး၊ သွန်၊ လဲ ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၀၄၄)

မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ် ရင့်ကျက်ရှင်သန်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

(ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်)

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ရန်အရေးကြီး နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ရှိနေမည်ဟု မျှော်လင့်

(အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်း)

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန် ပြည်ထောင်စု အထက်လွှတ်တော် အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ဆွေးနွေးပြောကြား

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စု လွှတ်တော် နာယက ဦးခင်အောင်မြင့်က မြန်မာနိုင်ငံသည် ပါလီမန် ဒီမိုကရေစီစနစ်ကျင့်သုံးမှုဆိုင်ရာ အတွေ့အကြုံ နုနယ်သေးသည့်အတွက် အဆွေတော်အနေဖြင့် ပါလီမန်ဒီမိုကရေစီဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးစေလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ၄င်းလွှတ်တော်နှစ်ရပ်ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်ဟူ၍ ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် Congress နှင့်တူညီပြီး အမြင့်ဆုံးအာဏာဖြစ်သည့် ဥပဒေပြုအာဏာကို ကျင့်သုံးရသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ကျားမအစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ ဒေသပေါင်းစုံ၊ ယုံကြည်ကိုးကွယ်မှု ပေါင်းစုံ ပူးပေါင်းပါဝင်ပြီး နိုင်ငံရေးပါတီ (၁၅) ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည့် ပုဂ္ဂိုလ်များတွင် နိုင်ငံရေးပါတီ (၁၅)ပါတီလုံးမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ စုံညီစွာ ပါဝင်ပါကြောင်း၊ ပထမအကြိမ်လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်က လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းပေါင်း (၁၀၆)ခုနှင့် အဆိုပြုတင်ပြချက် (၄၅)ခုကို မေးမြန်းတင်သွင်းခဲ့ကြကြောင်း၊ လွှတ်တော်နှစ်ရပ်လုံးတွင် အမြဲတမ်းကော်မတီ (၄)ရပ်စီရှိပြီး ပြည်ထောင်စုလွှတ်တော်တွင် ပူးပေါင်းကော်မတီ (၂)ရပ်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲတက်ရောက်ကြသူများတွင် အဆိုပါကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ပါဝင်ပါကြောင်း၊ ပါလီမန်ဒီမိုကရေစီစနစ်၏ ထုံးစံအတိုင်း မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းများကို လွတ်လပ်စွာ ပြုလုပ်လေ့ရှိကြရာ ယခုတက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးမြန်းရန်ရှိက မေးမြန်းနိုင်ပါကြောင်းနှင့် အဆွေတော်မှလည်း မေးမြန်းလိုသည်များရှိက တိုက်ရိုက် မေးမြန်းနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မေးမြန်းဆွေးနွေး

၄င်းနောက် ဒေါက်တာအေးမောင်၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဦးညွန့်တင်နှင့် ဒေါ်နန်းဝါနုတို့က သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

၄င်းနောက် မစ္စတာဂျွန်မက်ကိန်းက ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အဆွေတော်တို့သည် နိုင်ငံနှင့်ပြည်သူတို့အတွက် ကြီးလေးသည့်တာဝန်များကို ထမ်းဆောင်နေကြရသည့်အတွက် ဂုဏ်ပြုပါကြောင်း၊ မိမိတွင် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများစွာရှိခဲ့သည့်နည်းတူ ရွေးကောက်ပွဲရှုံးနိမ့်ခဲ့သော အတွေ့အကြုံလည်းရှိပါကြောင်း၊ မိမိ၏အတွေ့အကြုံအရ တင်ပြရလျှင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိ၏ မဲဆန္ဒရှင်ပြည်သူများနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံနေထိုင်သင့်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ဘဝ၊ ဆန္ဒနှင့် သဘောထားများကို ကိုယ်စားပြုပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ရန် အရေးကြီးပါကြောင်း၊ နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ရှိနေမည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အရေးကိစ္စများအားလုံး အောင်မြင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

၄င်းနောက် ဦးခင်အောင်မြင့်က နှစ်နိုင်ငံ ဥပဒေပြုအဖွဲ့များအကြား အပြန်အလှန် လည်ပတ်ခြင်းသည် ကောင်းမွန်အကျိုးရှိစေပါကြောင်း၊ အမေရိကန်နိုင်ငံမှ အထက်လွှတ်တော်အမတ်များ လာရောက်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များ သည်လည်း လွှတ်တော် အစည်းအဝေးများရပ်နားချိန်တွင် မိမိတို့မဲဆန္ဒနယ်များသို့ ပြန်ပြီးထိတွေ့ကာ လူထု၏သဘောဆန္ဒကို နားထောင်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ် ရင့်ကျက်ရှင်သန်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဆွစ်ဇာလန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Christoph Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် ဆွစ်ဇာလန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Christoph Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅	၈။	အကပြိုင်ပွဲ
၈:၃၀	၉။	**အမျိုးနှင့်မျိုး**
၈:၄၀	၁၀။	**International News**
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	အတီးပြိုင်ပွဲ
၄:၃၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၇။	မြန်မာစာ၊ မြန်မာစကား
၅:၁၅	၈။	နှောင်းခေတ်တေးပဒေသာ
၅:၂၅	၉။	**သဘာဝဘေးအန္တရာယ်များ**
၅:၃၅	၁၀။	ရိုးသားဖြူစင်ကလေးတို့အသွင်
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ)(အပိုင်း-၃၈)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**လျှပ်တစ်ပြက်ဟာသများ**
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၂)
	၂၀။	**သီချင်းချစ်သူ**

ယခုအခါ မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေလျက်ရှိ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့ကို ခွဲဝေကျင့်သုံးလျက်ရှိ

ဤသို့သော အပြောင်းအလဲများကို အသိအမှတ်ပြုပြီး အားပေးကူညီသင့်

(ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း)

ယခုအချိန်သည် မိမိတို့နှစ်နိုင်ငံအကြား ဆွေးနွေးမှုစတင်နိုင်မည့် အချိန်ကောင်းဟုယုံကြည်

မြန်မာနိုင်ငံတွင် အပြောင်းအလဲများကို မိမိမြင်တွေ့နေရ

(အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်း)

နေပြည်တော် ဇွန် ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံသို့ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ပြည်သူ့လွှတ်တော်ကော်မတီ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ဖိတ်ခေါ်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဆွေတော်နှင့်အဖွဲ့အား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်ထံမှ ရှုမြင်သုံးသပ်ချက်များကို ကြားသိလိုပါသဖြင့် အဆွေတော်မှ စတင်ဆွေးနွေးပါရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပြောကြား

မစ္စတာဂျွန်မက်ကိန်းက ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများနှင့် တစ်သားတည်းရှိရန် အရေးကြီးသည်ဟု အကြံပြုလိုပါကြောင်း၊ ယခုအချိန်သည် မိမိတို့နှစ်နိုင်ငံအကြား ဆွေးနွေးမှု စတင်နိုင်မည့်အချိန်ကောင်းဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အပြောင်းအလဲများကို မိမိမြင်တွေ့နေရပါကြောင်း၊ ယခု မိမိနှင့် မြန်မာနိုင်ငံမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခွင့်ရခြင်းသည်ပင်လျှင် ထင်ရှားသည့် အပြောင်းအလဲ သာဓကတစ်ရပ် ဖြစ်ပါကြောင်း၊ ရှေ့ဆက်၍လည်း တိုးတက်ပြောင်းလဲမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလို အသွင်ပြောင်းလဲသည့် ကာလတွင် လုပ်ငန်းများ အောင်မြင်ပါစေရန် ဆန္ဒပြုပါကြောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များ ကိစ္စရပ်နှင့် စပ်လျဉ်း၍ အခက်အခဲရှိမည်ကို နားလည်သော်လည်း တစ်ချိန်ချိန်တွင် ယင်းဒုက္ခသည်များအနေဖြင့် နေရပ်ဒေသသို့ ပြန်လာနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြန်လည်စဉ်းစားသုံးသပ်

၎င်းနောက် သူရဦးရွှေမန်းက အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ ပြည်သူများအကျိုးကို သယ်ဆောင်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေလျက်ရှိပါကြောင်း၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့ကို ခွဲဝေကျင့်သုံးလျက်ရှိပါကြောင်း၊ အဆွေတော်တို့ အနေဖြင့် ဤသို့သော အပြောင်းအလဲများကို အသိအမှတ်ပြုပြီး အားပေးကူညီသင့်ပါကြောင်း၊ လွှတ်တော်တွင်း၌ ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ မထားဘဲ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ပြောင်းလဲရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေးတို့မှာ လွှတ်တော်၌ တာဝန်ရှိသည်ဟုခံယူလျက် ပြည်သူ့အကျိုးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသရှိ ဒုက္ခသည်များကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အထူးစိတ်ဝင်စားပြီး စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ဆက်၍ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ဆက်ဆံရေးနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးကို အလေးထား ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာပြည်သူများအား ထိခိုက်နစ်နာစေသည့် ဆောင်ရွက်ချက်များရှိပါက အဆွေတော်တို့ဘက်မှ ပြန်လည်စဉ်းစားသုံးသပ် ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် အာဋ္ဌာနာဋိယသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**မင်္ဂလသုတ္တာရဲ့သဘောသွား** တရားတော် ဆရာတော်ဘဒ္ဒန္တသောဘန
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၃)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၁)
၈:၅၀	နေ့ထူးနေ့မြတ်မှာဆင်နွှဲ အောင်လံမြို့မှ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၉:၀၅	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)၏ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၃/၂၀၁၁)
၉:၂၅	**Movic Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း)** (အပိုင်း -၉)
၁၀:၀၀	ရန်ကုန်မြင်ကွင်းကျယ် [ပါရမီဆေးရုံရန်ကုန် (MRI) ဖွင့်ပွဲအခမ်းအနား]
၁၀:၂၀	ဖက်ရှင်လမ်းညွှန်(တော်ဝင်သူ)
၁၀:၄၅	ကျောင်းဖွင့်ချိန်
၁၁:၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း
၁၁:၃၀	ရန်ကုန်မြင်ကွင်းကျယ် (REVELON ရဲ့ Just Bitten **နှုတ်ခမ်းနီမိတ်ဆက်ပွဲ)**
၁၁:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	Activities in the City (တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းတော်ကြီး၏မြတ်ဆရာပူဇော်ပွဲ)
၁၂:၂၀	Activities in the City (တော်ဝင်စင်တာအထူးကံထူးရှင်များအားပစ္စည်းပေးအပ်ပွဲ အခမ်းအနား)
၁၂:၃၀	သာယာစိုပြည် ကြံခင်းမြေ
၁၂:၄၅	Activities in the City (Shine သွားတိုက်ဆေးမှကံထူးရှင်ရွေးချယ်ပွဲ)
၁:၀၀	**မင်္ဂလသုတ္တာရဲ့သဘောသွား** တရားတော် ဆရာတော်ဘဒ္ဒန္တသောဘန
၂:၀၀	MRTV-4 သတင်း
၂:၂၀	**Style ရှိမှ Star ဖြစ်မယ်**
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၃)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၈၁)
၄:၅၅	Activities in the City (အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Medanta Hospital မြန်မာနိုင်ငံ ရုံးခွဲဖွင့်လှစ်ခြင်း)
၅:၂၀	ဇော်ရှိန်း(မိုးပြာအောက်ကမေ)
၅:၃၅	MNL Preview
၆:၀၀	MRTV -4 သတင်း
၆:၂၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြို (Green Island)
၆:၃၅	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၄)
၇:၂၀	The Champion of Dance
၈:၀၀	MRTV -4 သတင်း
၈:၃၀	ဂီတသရုပ်ပြခန်း (ဗညားဟန်သီချင်းများရွေးချယ်တင်ဆက်မှု)
၉:၁၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၂)
၁၀:၂၀	VJ Choice
၁၀:၃၅	ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ
၁၁:၀၀	သူ့တို့ပြောတဲ့သူ့တို့အကြောင်း သရုပ်ဆောင်မင်းဟိန်းနှင့် တွေ့ဆုံခြင်း
၁၁:၃၅	ခံစားမှုရသစုံလင်… အမျိုးသားကန်တော်ကြီးဥယျာဉ်
၁၁:၅၅	World of Knowledge (Petronas Towers)
၁၂:၄၅	သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၁:၁၅	**ဖန်တီးသူနှင့်အနုပညာ** မျိုးသန္တာထွန်း (အပိုင်း -၂)
၁:၃၅	ရတနာရွှေသိုက်
၁:၄၀	လှပသစ်ဆန်းအလှပြင်ခန်း (Spa My Way)
၂:၀၀	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၂:၁၀	လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
၂:၃၅	နွေးထွေးသောဝန်ဆောင်မှုများနှင့် ဇဒင်
၂:၄၅	မုံရွာမြို့သို့ အလည်တစ်ခေါက်
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ကလောဈေးနေ့
၄:၀၅	မောတို့မြေမှအံ့ဖွယ်ထူးခြားလိုက်ဂူများ
၄:၅၅	ဖူးစို့ဘုရားစုံမြို့ဖျာပုံ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၂

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ ရက် နံနက်ပိုင်းတွင် ပုဂံညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။ ထို့နောက် ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ပြန်လည်ထွက်ခွာ

ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

3-6 (04).pmd 1 6/3/2011, 2:15 AM

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလီယွန်ချောင်နှင့်အဖွဲ့အား နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလီယွန်ချောင်နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီ မိနစ် ၄၀ တွင် နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလီယွန်ချောင်နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာလည်း တက်ရောက်သည်။**(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အားလက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

အမေရိကန်နိုင်ငံနှင့် တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်လေးစားမှုကိုအခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို ထူထောင်လို၊ နှစ်နိုင်ငံအကြား နားလည်မှုလွဲမှားနေသည်များကို ပယ်ဖျက်၍ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ကြရမည်ဖြစ် အမေရိကန်နိုင်ငံ၏ တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမူဝါဒကိုကြိုဆို

(နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်)

မြန်မာနိုင်ငံသည် အနာဂတ်တွင် အဘက်ဘက်၌ ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟုယုံကြည်၊ မိမိတို့အနေဖြင့် အနာဂတ်တွင် ဆက်လက်တွေ့ဆုံ ဆွေးနွေးသွားမည်

(အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်း)

နေပြည်တော် ဇွန် ၂

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ်မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယမန်နေ့ နေ့လယ်ပိုင်းက နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ကြိုဆို

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိမိတို့အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို အခြေခံလျက် လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့သည် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ၊ အာဆီယံနှင့် ဘင်းမ်စတက်တို့နှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် တန်းတူ ရည်တူရှိမှုနှင့် အပြန်အလှန်လေးစားမှုကိုအခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို ထူထောင်လိုပါကြောင်း၊ သို့အတွက် နှစ်နိုင်ငံအကြား နားလည်မှု လွဲမှားနေသည်များကို ပယ်ဖျက်၍ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ကြရမည်ဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံ၏ တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမူဝါဒကို ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် မစ္စတာဂျွန်မက်ကိန်းက နိုင်ငံရေးအကျဉ်းသားများကိစ္စကို မေးမြန်းရာ ဦးဝဏ္ဏမောင်လွင်က မိမိတို့နိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများမရှိကြောင်း အစဉ်တစိုက်ကြေညာပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသူများမှာ နိုင်ငံတော်၏ ဥပဒေကို ချိုးဖောက်ကျူးလွန်သူများသာ ဖြစ်ပါကြောင်း၊ အဆိုပါအကျဉ်းသားများအနက် အချို့မှာ နိုင်ငံရေးပါတီများနှင့် ဆက်နွှယ်နေခြင်းမျိုး ရှိနိုင်သော်လည်း ၄င်းတို့ အရေးယူခံရခြင်းမှာ နိုင်ငံရေးပါတီဝင်ဖြစ်ခြင်းကြောင့် မဟုတ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ထိပါးသည့် မည်သူ့ကိုမဆို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊နိုင်ငံတည်ငြိမ်အေးချမ်းမှုအတွက် ဒီမိုကရေစီနည်းလမ်းတကျ ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အသိအမှတ်ပြု

ထို့နောက် မစ္စတာဂျွန်မက်ကိန်းက ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ အခွေတော်၏သဘောထားကို သိလိုပါကြောင်းဖြင့်မေးမြန်းရာ ဦးဝဏ္ဏမောင်လွင်က ဒေါ်အောင်ဆန်းစုကြည်သည် ယခုအခါ သာမန်ပြည်သူတစ်ဦးကဲ့သို့ပင် လှုပ်ရှားသွားလာခွင့်ရှိပါကြောင်း၊ သံတမန်များအပါအဝင် သူမ တွေ့ဆုံလိုသည့် ပုဂ္ဂိုလ်များနှင့် လွတ်လွတ်လပ်လပ် တွေ့ဆုံနေပါကြောင်း၊ မြန်မာနိုင်ငံသားမှန်လျှင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်ခံအသိအမှတ်ပြုရမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ ပါတီတစ်ခုချင်းစီအလိုက်ဖြစ်စေ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လိုပါက ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံပြီး ဆောင်ရွက်နိုင်ပါကြောင်း၊ လွှတ်တော်သည်သာ နိုင်ငံ၏အနာဂတ်အရေးအတွက် ဆွေးနွေးရန်အသင့်လျော်ဆုံး နေရာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယုံကြည်မျှော်လင့်

ထို့နောက် မစ္စတာဂျွန်မက်ကိန်းက မြန်မာနိုင်ငံသည် အနာဂတ်တွင် အဘက်ဘက်၌ ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်တွင် ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂

အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် ၂၀၁၁ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ၂၅ မိနစ် အမြန်ရွှေ့ စစ်တုရင်ပြိုင်ပွဲကို ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင် ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ဇွန် ၁၄ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (စစ်တုရင်အဖွဲ့ချုပ်)

နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ် စီမံကိန်းတိုးတက်မှုနှုန်း ၁၃ ဒသမ ၈ ရာခိုင်နှုန်း ရရှိအောင် မြို့နယ်အလိုက် စီမံချက်ရေးဆွဲဆောင်ရွက်

နေပြည်တော် ဇွန် ၂

၂၀၁၀-၂၀၁၁ ခုနှစ်တွင် နေပြည်တော်ကောင်စီ နယ်မြေ၏ စီမံကိန်းလျာထားချက်အပေါ် ၁၀၉ ဒသမ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး တိုးတက်မှုနှုန်းမှာ ၁၂ ဒသမ ၅ ရာခိုင်နှုန်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုနေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းတိုးတက်မှုနှုန်း ၁၃ ဒသမ ၈ရာခိုင်နှုန်း ရရှိအောင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများ ရည်မှန်းချက်ပြည့်မီကျော်လွန်စေရေး ဌာနဆိုင်ရာအဖွဲ့အစည်းအလိုက် ၊ မြို့နယ်အလိုက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ**(အပေါ်ပုံ)**က ၂၀၁၁-၂၀၁၂ခုနှစ်အတွက် နှစ်စဉ်ရည်မှန်းချက်များကိုနေ ပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ သို့လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ၊ တိုင်း လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)မှ လက်ထောက်အထွေထွေမန်နေဂျာတို့သို့ လည်းကောင်း တာဝန်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ် (တောင်ပိုင်း)၌ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အထိမ်းအမှတ်အခမ်းအနားနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ဆက်လက်၍ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ မူလတန်းပညာ စတင်သင်ယူမည့် ဆင်းရဲနွမ်းပါး ကျောင်းသား ကျောင်းသူ ၂၀၀၀ အတွက် အမှတ်(၁) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက လှူဒါန်းသော ကျောင်းဝတ်စုံ၊ လွယ်အိတ်နှင့် စာရေးကိရိယာ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၁၅၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အလှူရှင်များသည် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ကြသည်။

ယင်းနောက် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုက လည်းကောင်း၊ အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင် အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီကိုယ်စား အတွင်းရေးမှူး ဦးကျင်ထွန်းကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာနကိုယ်စား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးညဏ်ထွန်းဦးက လက်ခံသည်။

ယနေ့ ဆောက်လုပ်လှူဒါန်းသည့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသည် အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိပြီး ပရိဘောဂအပါအဝင် ငွေကျပ်သိန်း ၄၅၀ ကုန်ကျခဲ့ကြောင်းနှင့် အမှတ်(၁၆) အခြေခံပညာမူလတန်းလွန်ကျောင်းသည် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိပြီး ငွေကျပ် သိန်း ၂၀၀ ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ကရစ်တံတားဖွင့်

သုံးခွ ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ် ကျေးရွာချင်းဆက်ချောင်းကူး အောင်မင်္ဂလာ ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မေ ၂၉ ရက် နံနက် ၇ နာရီက တံတားသစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ ပုဂံတောင်ကျေးရွာ ရွာလယ်ကျောင်းဆရာတော်နှင့် သုံးခွမြို့နယ် ပုဂံတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်ညွန့်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိုင်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

မြိုင် ဇွန် ၂

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၁၁ ရက် နံနက်က မြိုင်မြို့နယ် နံ့သာမြေ ဂေါက်ကွင်း ပခုက္ကူလမ်းနှင့် ကျောက်တိုင်လမ်းနေရာများတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်တင်၊ မြိုင်မြို့နယ်သစ်တော ဝန်ထမ်းများက ကြီးကြပ်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများက တမာ၊ မဲဇလီ ပျိုးပင် ပေါင်း ၅၀၀ ကျော် စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

မောင်းလျှင် မတွေးနှင့် မငေးနှင့်

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

ရန်ကုန် ဇွန် ၂

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၂၅ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးကြီးအတွင်း အပြင်နှင့် သားငါးရုံများအား ခြင်ဆေးဖျန်းခြင်းကို အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တာမွေမြို့နယ် မအူကုန်းရပ်ကွက်တွင် မေ ၂၅ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်း ဦးဆောင်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာပြုံးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာလွင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြစဉ်။ (၀၄၄)

မေ ၁၀ ရက်က စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ဦးဆောင်လျက် အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပိုးလောက်လမ်းကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ကြစဉ်။ (၀၆၅)

တောင်တွင်းကြီး၌ ဆောင်ရွက်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် မြို့နယ်ပညာရေးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပေါ်(၁၀)ရပ်ကွက် အခြေခံပညာကျောင်းများ၌ မေ ၂၉ ရက် နံနက်က စတင်ပြီး ခြင်ဆေးများ ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ ဆက်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂျပန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Takashi SAITO သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး **H. E. Mr. Takashi SAITO** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ရေးအတွက် အင်္ဂပူမြို့မ ဈေးကြီးအတွင်း၊ အပြင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၁၈ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုး တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက်က အထက (၁) စွမ်းအားခန်းမ၌ ကျင်းပရာ တန်ဖိုးငွေကျပ် ၁၅၉၁၀၀၀ရှိ ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းကိုးကျောင်းမှ ကျောင်းသားကျောင်းသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့် ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့နယ်၌ ကျင်းပ

ဂန့်ဂေါမြို့အခြေခံပညာအထက်တန်းကျောင်း ပုံညာခန်းမ၌ မေ ၂၇ ရက် နံနက် ၉ နာရီက ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပရာ အခမ်းအနားတွင် ပညာသင်စရိတ် အခက်အခဲရှိသော ကျောင်းသားကျောင်းသူများအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများက ထောက်ပံ့လှူဒါန်းသည့် ပညာသင်စရိတ်ငွေကျပ် ၅၄၁၅၀၀ကို ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင် (ယာပုံ)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၁၀၁)

မော်လမြိုင်ကျွန်းမြို့နယ်၌ ကျင်းပ

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မော်လမြိုင်ကျွန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) မဟာဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင်မင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး လက်ထောက်ကြီးကြပ်ရေးမှူး ဦးလှဦးတို့က ကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်းနှင့် ပညာရည်တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာစုစုပေါင်း တန်ဖိုးငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ ***(အောက်ပုံ)*** ***(မြို့နယ် ပြန်/ဆက်)***

အင်းစိန်မြို့နယ်၌ ကျင်းပ

အင်းစိန်မြို့နယ်လုံးကျွတ်ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ရက် နံနက်၁၀နာရီက အထက(၁)ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးစိုးမင်းက အမှာစကားပြောကြားသည်။ ထို့နောက်ဦးထင်လင်း ကြို့ကုန်းအရှေ့ရပ်ကွက်က ငွေကျပ် ၃၄ သိန်း၊ ဦးဇော်ဝင်း(Royal Club) လှည်းတန်း ကမာရွတ်က ငွေကျပ် ငါးသိန်းခြောက်သောင်း၊ ဂုဏ်ရည်ဆေးတိုက်က ငွေကျပ်နှစ်သိန်း၊ ဒေါက်တာမောင်မောင်အေးနှင့် ဇနီးသီရိသုမေ္ဓသီဂီဒေါ်ခင်မိမိလှိုင်က ငွေကျပ်တစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ ***(ယာပုံ)***

ဆက်လက်၍တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ ***(ခရိုင် ပြန်/ဆက်)***

ညောင်တုန်းမြို့နယ်၌ ကျင်းပ

ညောင်တုန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမ၌ မေ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မင်း၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးဦးစီးဌာန လက်ထောက်ကြီးကြပ်ရေးမှူး ဦးစံသိန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေတို့က အမှာစကားပြောကြားကြသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက လှူဒါန်းငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ပညာရေးဌာန လက်ထောက်ကြီးကြပ်ရေးမှူး ဦးစံသိန်းက လက်ခံယူပြီး(အပေါ်ပုံ) အလှူရှင် ဦးခင်စိုးမိသားစုက ငွေကျပ် တစ်သိန်းကျော်ဖိုး ကျောင်းဝတ်စုံများ၊ ပညာရေးနယ်မြေ ၁၁ ခုမှ ပညာရေးဝန်ထမ်းမိသားစုများက ငွေကျပ်ငါးသိန်းငါးသောင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငွေကျပ် တစ်သိန်းတစ်သောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ငွေကျပ်ငါးသောင်းနှင့် အလှူရှင်များက စာရေးကိရိယာများ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၀၈၂)

❖ *ရှေ့ဖုံးမှ*

တည်ဆောက်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆွေတော်တို့နှင့် မိမိတို့သည် မူဝါဒစနစ်လမ်းကြောင်းတစ်ခုတည်းပေါ် ရောက်ရှိနေပြီး ပိုမိုနီးကပ်နေပြီဖြစ်ပါကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးရာတွင် ချောမောအောင်မြင်စွာ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဖော်ဆောင်နေရဆဲဖြစ်သည့်အတွက် အဆွေတော်တို့ကဲ့သို့ နှစ်ပေါင်း (၂၀၀)ကျော် ဖြတ်သန်းခဲ့ပြီးဖြစ်သည့် ဒီမိုကရေစီအဆင့်မျိုး ချက်ချင်းဖြစ်ပေါ်လာနိုင်မည်မဟုတ်သေးသည်ကို နားလည်စေလိုပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းဒီမိုကရေစီ ကျင့်သုံးမှုကို စတင်ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သကဲ့သို့ နိုင်ငံတကာ ဆက်ဆံရေး၌လည်း ချမှတ်ထားသည့် နိုင်ငံရေးမူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်သာ ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံ၊ လူမျိုး ခွဲခြားမှုမရှိဘဲ မည်သည့်နိုင်ငံနှင့်မဆို ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကိုရှေးရှု၍ အကျိုးရှိနိုင်မည်ဆိုပါက မည်သည့်နိုင်ငံနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်သာ ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး (Geopolitics) အနေအထားအရ ပူးပေါင်းဆောင်ရွက်ရခြင်းများလည်း ရှိမည်သာဖြစ်ပါကြောင်း၊ အဆွေတော်တို့နှင့်လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်ဆံမှုတိုးမြှင့်ရေးကို အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံ၊ လူမျိုး ခွဲခြားမှုမရှိဘဲ မည်သည့်နိုင်ငံနှင့်မဆို ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ နှစ်နိုင်ငံဆက်ဆံရေးတွင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကိုရှေးရှု၍ အကျိုးရှိနိုင်မည်ဆိုပါက မည်သည့်နိုင်ငံနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်သာဖြစ်၊ ထို့ပြင် နိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး(Geopolitics) အနေအထားအရ ပူးပေါင်းဆောင်ရွက်ရခြင်းများလည်း ရှိမည်သာဖြစ်၊ အဆွေတော်တို့နှင့်လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်ဆံမှုတိုးမြှင့်ရေးကို အလေးထား ဆောင်ရွက်သွားမည်။

အလေးထား

မိမိတို့အနေဖြင့် ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိသည့်အပြင် ကုလသမဂ္ဂနှင့်လည်း အလေးထားပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ မြောက်ကိုရီးယားနိုင်ငံကိစ္စနှင့်စပ်လျဉ်း၍ မိမိတို့သည် ကမ္ဘာ့မိသားစုဝင် နိုင်ငံများအားလုံးနှင့် ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံလျက်ရှိရာ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြောက်ကိုရီးယားနိုင်ငံနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ပါကြောင်း၊ သို့သော် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၁၇၁၈ နှင့် ၁၈၇၄ ပါ ပြဋ္ဌာန်းချက်များ ထုတ်ပြန်ပြီးနောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံပီသစွာ အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

နျူကလီးယားကိစ္စနှင့်စပ်လျဉ်း၍ ပြောကြားရလျှင် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ အကူအညီဖြင့် နျူကလီးယားသုတေသနလုပ်ငန်းဆောင်ရွက်ရန် စီမံခဲ့ပါကြောင်း၊ မိမိတို့ ခေတ်နောက်ကျ မကျန်ရအောင် နျူကလီးယားနှင့်ပတ်သက်၍ အခြေခံသဘော နားလည်စေရန်နှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ဆက်စပ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ပါကြောင်း၊ နျူကလီးယားလက်နက်ထုတ်လုပ်ရန် စဉ်းစားနိုင်မှုမရှိခဲ့သည့်အပြင် စီးပွားရေးအခြေအနေအရလည်း စဉ်းစားနိုင်ရန်မရှိပါကြောင်း၊ သို့ရာတွင် နျူကလီးယားကိစ္စအပေါ် နိုင်ငံတကာအမြင်တွင် တစ်မျိုးတစ်မည် ဖြစ်လာသည့်အတွက် ယင်းအစီအစဉ်ကိုပင် ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း။

လက်ကမ်းဖိတ်ခေါ်

၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီများဖွဲ့စည်းရေးတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ ယခင်ကဖွဲ့စည်းထားပြီးဖြစ်သည့် ပါတီ (၁၀)ပါတီအနက် (၅)ပါတီက ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ကျန် (၅)ပါတီသည် အခြားပါတီများနှင့်ပေါင်း၍လည်းကောင်း၊ ပါတီအမည်သစ်ဖြင့်လည်းကောင်း ရွေးကောက်ပွဲဝင်ခဲ့ကြရာ စုစုပေါင်း ပါတီသစ် (၃၂)ပါတီ၊ ပါတီဟောင်း (၅)ပါတီ စုစုပေါင်း (၃၇)ပါတီနှင့် တစ်သီးပုဂ္ဂလများ ရွေးကောက်ပွဲဝင်ခဲ့ကြပါကြောင်း၊ ပါတီများ မူလအမည်မပြောင်းလဲခြင်း၊ အမည်သစ်ပြောင်းလဲဖွဲ့စည်းခြင်းကိစ္စများမှာ ၎င်းတို့၏ ပါတီတွင်းကိစ္စများသာဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် ပါတီ (၂၂) ပါတီနှင့် တစ်သီးပုဂ္ဂလအချို့ ရွေးချယ်ခံခဲ့ရပါကြောင်း၊ ဤသည်မှာလည်း ပြည်သူလူထုသဘောထားပင်ဖြစ်ပါကြောင်း၊ ပါတီများအနေဖြင့် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် လွှတ်တော်အသီးသီးတွင် ပါဝင်ခွင့်ရရှိပြီး ပြောဆိုဆွေးနွေးနိုင်သည့် အခွင့်အရေးများ ရရှိသွားပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ခြင်းမရှိသူများအနေဖြင့် လွှတ်တော်အသီးသီးတွင် တရားဝင် ဆွေးနွေးပြောဆိုဆောင်ရွက်နိုင်သည့် အခွင့်အရေးများ ဆုံးရှုံးရပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်သမ္မတပြောကြားခဲ့သည့် မိန့်ခွန်းတွင်ပါရှိသည့်အတိုင်း ဆွေးနွေးပြောဆိုနိုင်ခွင့်ရရေးအတွက် ဥပဒေနှင့်အညီ လွှတ်တော်၌ ပါဝင်နိုင်ရေးကို လက်ကမ်းဖိတ်ခေါ်ထားပြီး ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

အဆွေတော်အနေဖြင့် ယမန်နေ့က မြန်မာနိုင်ငံနယ်စပ် မဲလှ၊ မဲဆောက်ဒေသမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရှိရသည့်အတွက် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း ပြောကြားလိုပါကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ရာ စုစုပေါင်း အဖွဲ့ကြီး (၁၇)ဖွဲ့ မိမိတို့နှင့်ပူးပေါင်းပြီး ငြိမ်းချမ်းရေးရယူခဲ့ကြောင်း၊ ယင်းသို့ ငြိမ်းချမ်းရေးရယူပြီးသည့် အဖွဲ့များအနက် (၃)ဖွဲ့နှင့် ငြိမ်းချမ်းရေး မယူရသေးသည့်အဖွဲ့ (၂)ဖွဲ့ ပူးပေါင်းကာ အစိုးရအား လက်ရှိဆန့်ကျင်နေသည့်အဖွဲ့ (၅)ဖွဲ့ရှိပါကြောင်း၊ ကျန် (၁၄)ဖွဲ့သည် အခြေခံဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အလေးထားလျက် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားနိုင်အောင် ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း၊ အဆွေတော်ရောက်ရှိခဲ့သော မဲလှဒေသမှ အချို့အဖွဲ့အစည်းများကို ၁၉၉၄-၉၅ ခုနှစ်မှစတင်၍ ဘားအံဒေသတွင် နေရာချထားပေးခဲ့ပြီး စားဝတ်နေရေးအတွက် ၃/၄ နှစ်စာ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ယခုအခါ ၎င်းတို့အနေဖြင့် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ ကျန်နေသောအဖွဲ့များအနေဖြင့် မိမိတို့ တိုင်းပြည်သို့ အချိန်မရွေးပြန်လာနိုင်ပြီး မိမိတို့ကလည်း အစစပံ့ပိုးကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးရယူပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်ပြုလုပ်မည်ဆိုပါက မိမိတို့က တာဝန်ယူပံ့ပိုးကူညီ စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ ဆွေးနွေးလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခါအားလျော်စွာ ပြင်ဆင်ရန်လိုအပ်လာပါက ပြင်ဆင်နိုင်ရန် ပြဋ္ဌာန်းချက်များပါရှိပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်း ပြင်ဆင်နိုင်သည့်နည်းလမ်းရှိသကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြင်ဆင်ရသည့် ကန့်သတ်မှုများလည်း ရှိပါကြောင်း၊ အဆွေတော်တို့နိုင်ငံအပါအဝင် နိုင်ငံတကာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအား အခါအားလျော်စွာ ပြင်ဆင်ရန်လိုအပ်လာပါက သတ်မှတ်ထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သကဲ့သို့ မိမိတို့ အခြေခံဥပဒေကိုလည်း အလားတူပြင်ဆင်နိုင်အောင် စီမံဆောင်ရွက်ပေးထားပါကြောင်း။

ပေါင်းစပ်ဆောင်ရွက်

အဆွေတော်တို့အနေဖြင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ သဘောထားများနှင့် ၎င်းတို့ထံမှရရှိသော သတင်းအချက်အလက်များကိုသာ သိရှိနေရသည့်အတွက် မိမိတို့နိုင်ငံအပေါ် နားလည်မှု လွဲမှားနေသည်ကို နားလည်ပါကြောင်း၊ ယင်းအပေါ်မူတည်၍ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းပိတ်ဆို့ကန့်သတ်မှုများ ပယ်ဖျက်နိုင်ရန် အချိန်အတိုင်းအတာတစ်ခု ယူရမည်ကိုလည်း နားလည်ပါကြောင်း၊ ယင်းအချိန်အတိုင်းအတာ ပြီးဆုံးသွားပါက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်မည်ဆိုပါက နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သည် မိမိနိုင်ငံတွင် နိုင်ငံရေးအရ ဩဇာရှိသူဖြစ်သည့်အတွက် မြန်မာ-အမေရိကန် ဆက်ဆံရေးတိုးမြှင့်ရေးတွင် နှစ်ဖက်အကြား ပေါင်းစပ်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

၎င်းနောက် မစ္စတာဂျွန်မက်ကိန်းက အဆွေတော်၏ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားချက်များအရ နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်လိုသော စိတ်ရင်းစေတနာရှိမှုကို သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကောင်စီ၏စာရင်းအရ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား (၂၀၀၀)ရှိသည်ဟု ကြားသိရပါကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီကို မြန်မာနိုင်ငံသို့ လာရောက်လေ့လာခွင့်ပြုစေလိုပါကြောင်း၊ သတင်းဖော်ပြချက်များအရ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လအတွင်း ရန်ကုန်နယ်နိမိတ် ပြင်ပဒေသများသို့ ခရီးသွားရောက်မည်ဟု သိရှိရပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်ခွင့်ပြုမည်ဟု ယူဆပါကြောင်း။

မှန်က...

မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြော...
ကြောင်း၊ အမေရိကန်သို့ ပြန်ရောက်သည့်အခါ...
စတင်ဆွေးနွေးရန် လိုအပ်နေပြီဖြစ်သည်ကို အသိ...
၎င်းနောက် ဒုတိယသမ္မတ သီဟသူရဦး...
မရှိပါကြောင်း၊ ကြက်ခြေနီအဖွဲ့အစည်းများကို...
သို့သော် ၎င်းတို့အနေဖြင့် လုပ်ပိုင်ခွင့်အတိုင်း...
ထပ်မံခွင့်မပြုတော့ခြင်းဖြစ်ပါကြောင်း၊ သို့သေ...
ဖြစ်သည့်အတွက် မိမိတို့ဘက်မှလည်း အဆ...
ဖြစ်ပါကြောင်း။

ဒေါ်အောင်ဆန်းစုကြည်ကိစ္စနှင့်စပ်လျဉ်...
ကြောင်း၊ သာမန်အရပ်သားတစ်ဦးအနေဖြင့် ဥပ...
ကြောင်း၊ သို့သော်လည်း နိုင်ငံတော်တည်ငြ...
စောင့်ထိန်းရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြ...
တည်ငြိမ်အေးချမ်းရေးမှာ အဓိကအရေးကြီးပါကေ...
ကျန်းမာရေးကဏ္ဍများ တိုးတက်ပြည့်စုံကောင်...

မိမိတို့အနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင...
မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးမှ အဆေ...
ပိုမိုတိုးတက်စေရန်နှင့် နှစ်နိုင်ငံအကြား ဆက်ဆံ...
ဆွေးနွေးခဲ့သည်။ မစ္စတာဂျွန်မက်ကိန်းကလည်း...
ပြောကြားခဲ့သည်။

**တပ်မတော် အစိုးရလ...
စည်းလုံးညီညွတ်ရေးအတွ...
ကို ငြိမ်းချမ်းရေးကမ်းလှမ်...
မိမိတို့နှင့်ပူးပေါင်းပြီး
ငြိမ်းချမ်းရေးရယူပြီးသည...
ငြိမ်းချမ်းရေးမယူရသေး...
အစိုးရအား လက်ရှိဆန့်...
(၁၄)ဖွဲ့သည် အခြေခံဥ...
လျက်ရှိ၊ မိမိတို့အနေဖြင့်...
ကို အလေးထားလျက် ဥ...
သွားနိုင်အောင် ငြိမ်းချမ်...
လျက်ရှိ။**

အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်း... ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အ... ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေ...

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း (၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး၏ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂

(၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံ ကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး၏ အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်း... ကော်မ... စာတိုက်... ပြည်ထေ... က အဖွ... သည်။

ထို့... ကျင်းပ...

မှန်ကန်သည့်လမ်းကြောင်း

မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြောင်းအပေါ်တွင် ရောက်ရှိနေပြီ ဖြစ်သည်ဟု မိမိယုံကြည်လက်ခံပါကြောင်း၊ အမေရိကန်သို့ ပြန်ရောက်သည့်အခါ အမေရိကန်အစိုးရနှင့် လုပ်ဖော်ကိုင်ဖက်များအား မြန်မာနိုင်ငံနှင့် စတင်ဆွေးနွေးရန် လိုအပ်နေပြီဖြစ်သည်ကို အသိပေးပြောကြားသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

၄င်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ မရှိပါကြောင်း၊ ကြက်ခြေနီအဖွဲ့အစည်းများကိုလည်း ယခင်က လက်ခံစီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော် ၄င်းတို့အနေဖြင့် လုပ်ပိုင်ခွင့်အတိုင်းအတာထက် ကျော်လွန်ဆောင်ရွက်ခဲ့သည်များ ရှိခဲ့သည့်အတွက် ထပ်မံခွင့်မပြုတော့ခြင်းဖြစ်ပါကြောင်း၊ သို့သော် အဆွေတော်အနေဖြင့် အလေးအနက်ထား၍ ဆွေးနွေးခဲ့ခြင်းဖြစ်သည့်အတွက် မိမိတို့ဘက်မှလည်း အဆင်ပြေသည့်အချိန်တွင် စဉ်းစားဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သာမန်အရပ်သား

ဒေါ်အောင်ဆန်းစုကြည်ကိစ္စနှင့်စပ်လျဉ်း၍ ၄င်းအား သာမန်အရပ်သားတစ်ဦးအဖြစ် သဘောထားပါကြောင်း၊ သာမန်အရပ်သားတစ်ဦးအနေဖြင့် ဥပဒေနှင့်အညီ သွားလာလှုပ်ရှားဆောင်ရွက်မှုများကို ကန့်သတ်ရန်မရှိပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုမူ အလေးထားစောင့်ထိန်းရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးမှာ အဓိကအရေးကြီးပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို တိုးတက်အောင် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးမှ အဆွေတော်တို့သမ္မတအား နှုတ်ခွန်းဆက်သပါကြောင်း၊ အမေရိကန်နိုင်ငံ ပိုမိုတိုးတက်စေရန်နှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးတက်စေရန် ဆန္ဒပြုပါကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။ မစ္စတာဂျွန်မက်ကိန်းကလည်း အမေရိကန်သမ္မတအား ပြန်လည်ပြောကြားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

တပ်မတော် အစိုးရလက်ထက်တွင် အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ရာ စုစုပေါင်း အဖွဲ့ကြီး (၁၇)ဖွဲ့ မိမိတို့နှင့်ပူးပေါင်းပြီး ငြိမ်းချမ်းရေးရယူခဲ့၊ ယင်းသို့ ငြိမ်းချမ်းရေးရယူပြီးသည့် အဖွဲ့များအနက် (၃)ဖွဲ့နှင့် ငြိမ်းချမ်းရေးမယူရသေးသည့် အဖွဲ့ (၂)ဖွဲ့ ပူးပေါင်းကာ အစိုးရအား လက်ရှိဆန့်ကျင်နေသည့် အဖွဲ့ (၅)ဖွဲ့ ရှိ၊ ကျန် (၁၄)ဖွဲ့သည် အခြေခံဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိ၊ မိမိတို့အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အလေးထားလျက် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားနိုင်အောင် ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး လက်ကမ်းကြိုဆိုလျက်ရှိ။

သတင်းအချက်အလက်နည်းပညာဆိုင်ရာ ...အရာရှိကြီးများအဆင့် အစည်းအဝေး ...လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး၏ အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ကြိုတင်ဆောင်ရွက်

ထို့နောက် အစည်းအဝေး ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တက်ရောက်လာကြသော ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပမည့် အစည်းအဝေးကြီးကို နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် အထူးဂရုပြု ဆောင်ရွက်ပေးသွားကြရန်နှင့် မိမိတို့ တာဝန်ယူထားသည့် ကဏ္ဍများအလိုက် ကြိုတင်ဆောင်ရွက်ထားရှိရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျော်ဖုံးမှ*

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်တို့၏ ရှေ့မှောက်၌ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Commercial Aircraft Corporation of China ဥက္ကဋ္ဌ မစ္စတာ ကျင်းကျွမ်းလုံတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ **(သတင်းစဉ်)**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Christoph Burgener လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Christoph Burgener သည် ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Swiss Agency for Development and Cooperation မှ နယ်စပ်ဒေသများတွင် လူသားချင်းစာနာ၍ အကူအညီများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် ကုသပြုစုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း အသိပေးရှင်းလင်းပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေး၊ ကုသရေးလုပ်ငန်းများကို ၁၉၈၅ ခုနှစ်မှ စတင်ကာ အမျိုးသားရေးအသွင်ဖြင့်သတ်မှတ်၍ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးရေးကော်မတီဝင်များအား ဗဟိုမှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များအဆင့်ထိ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

ပြောကြား

ဤသို့ဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားမှုမှာ ၂၀၀၀ ပြည့်နှစ်တွင် ၀ ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ၀ ဒသမ ၆၁ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း၊ လုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို မြန်မာနိုင်ငံအနေဖြင့် ပြည့်မီစေရန် ရည်ရွယ်ပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ရွှေနန်းတော်ဟိုတယ် Lake View Hall ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ကုလသမဂ္ဂ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး အစီအစဉ်တို့ ပူးပေါင်းကျင်းပသည့် "ခုခံအား ကျဆင်းမှုကူးစက်ရောဂါကာကွယ်တားဆီးရေး၊ ကုသရေး ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြန်မာနိုင်ငံ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅) နှင့် ပတ်သက်၍ ကဏ္ဍပေါင်းစုံ ပူးပေါင်းနိုင်ရန် အသိပေး ရှင်းလင်းဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အာရှပစိဖိတ်ဒေသဆိုင်ရာ HIV/ AIDS အထူးအကြံပေးပုဂ္ဂိုလ် Dr. Nafis Sadik က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ HIV, Health and Development Practice Leader Mr. Clifton Cortez က Universal Access and Key Lessons Learnt From the Region ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသား ခုခံအား ကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဥမ္မာစံက အမျိုးသားမဟာဗျူဟာ စီမံကိန်း (၂၀၁၁-၂၀၁၅) (National Strategic Plan (2011-2015)) နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖော်ထုတ်ဆွေးနွေး

ယင်းနောက် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ကာ အမျိုးသားမဟာဗျူဟာ စီမံကိန်းအား ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

တရုတ်၌ သတ္တုစက်ရုံမီးလောင်၊ လေးဦးသေဆုံး

ပေကျင်း ဇွန် ၂

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း အူရမ်ဂီမြို့တွင် ဇွန် ၁ ရက်က စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အရာရှိများက ဇွန် ၂ ရက်၌ ပြောကြားသည်။

အဆိုပါ စက်ရုံသည် အလူမီနီယမ်နှင့် သတ္တုရောစပ်ပြီး ထုတ်ကုန်များ ထုတ်လုပ်သည့် စက်ရုံဖြစ်ပြီး စက်ရုံအတွင်း သတ္တုပစ္စည်းများ ကျိုသည့် မီးပြင်းဖိုတစ်ခုမှ ဇွန် ၁ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က မီးစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

တွေ့ရှိခဲ့

ယင်းစက်ရုံတွင် အလုပ်သမား ၃၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိပြီး မီးလောင်သေဆုံးနေသည့် အလုပ်သမားများ၏ အလောင်းများအား စက်ရုံမှ မီတာ ၅၀ ခန့်အကွာ၌ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ငြိမ်းသတ်နိုင်

စက်ရုံမီးလောင်မှုကြောင့် အလုပ်သမားသုံးဦး အပြင်းအထန်ဒဏ်ရာရရှိကာ အခြား ၁၃ ဦးလည်း အနည်းငယ် ဒဏ်ရာရရှိခဲ့သည်။ ၎င်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက ယင်းစက်ရုံကို မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် – စုစည်းသည်

ပါရာဂွေး၌ ဆန်အိတ်များအတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

အဆန်စီရွန် ဇွန် ၂

ပါရာဂွေးနိုင်ငံ အဆန်စီရွန်မြို့ ဆိပ်ကမ်း၌ ဆန်အိတ်များအတွင်း ထည့်သွင်းထားသည့် မူးယစ်ဆေးဝါးများကို ကွန်တိန်နာအတွင်းမှ ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း ပါရာဂွေးလုံခြုံရေးအရာရှိများက ဇွန် ၂ ရက်၌ ပြောကြားသည်။

ပြောကြား

ယင်းမူးယစ်ဆေးဝါးများသည် အလေးချိန် ၈၇၅ ကီလိုဂရမ်ရှိပြီး ငွေကြေးပမာဏအမေရိကန်ဒေါ်လာ ၁၃၁ သန်းခန့် တန်ဖိုးရှိကြောင်း၊ ၎င်းမူးယစ်ဆေးဝါးများမှာ ပါရာဂွေးမှ မိုဇမ်ဘစ်နိုင်ငံသို့ တင်ပို့ရန်ဖြစ်ကြောင်း ပါရာဂွေးလုံခြုံရေးအရာရှိများက ဆက်လက်ပြောကြားသည်။

ဖမ်းဆီးထား

အဆိုပါ မူးယစ်ဆေးဝါးများသည် ပါရာဂွေး၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံများ၏ မူးယစ်ဆေးဝါး မှောင်ခိုကြိုဂံလမ်းကြောင်းမှ တစ်ဆင့် ရောက်ရှိလာဖွယ်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ ယင်းမူးယစ်ဆေးဝါးများနှင့်ဆက်စပ်သောပါရာဂွေးနိုင်ငံသားတစ်ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။ **(အင်တာနက်)**

မက်ဆာချူးဆက်စ်ပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ် လေးဦးသေဆုံး၊ ၃၃ ဦး ဒဏ်ရာရရှိ

နယူးယောက် ဇွန် ၂

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်စ်ပြည်နယ်တွင် ဇွန် ၁ ရက်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ လေးဦးသေဆုံးပြီး ဒဏ်ရာရရှိမှုများဖြစ်ခဲ့သည့်အပြင် နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရကြောင်း အမေရိကန်အရာရှိများက ဇွန် ၂ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

သေဆုံးသူများမှာ ဘရမ်ဖီးလ်မြို့တွင်တစ်ဦး၊ ဝက်စ်စပရင်းဖီးလ်မြို့တွင်တစ်ဦးနှင့် ဝက်စ်ဖီးလ်မြို့၌နှစ်ဦး သေဆုံးခဲ့ကြောင်း မက်ဆာချူးဆက်စ်ပြည်နယ် အရေးပေါ်ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ခတ်ခဲ့

လေဆင်နှာမောင်းတိုက်ခတ်မှုမှာ ဇွန် ၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၃၀ ခန့်ကဖြစ်ပြီး မက်ဆာချူးဆက်စ် ပြည်နယ်ရှိ အော့ဖို့ဒ်၊ မွန်ဆင်၊ ဝက်စ်ဖီးလ်၊ ဝီလ်ဘရာဟမ်နှင့် စပရင်းဖီးလ်မြို့များသို့ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ စပရင်းဖီးလ်မြို့တွင် လေဆင်နှာမောင်းဒဏ်အဆိုးရွားဆုံးခံစားခဲ့ရပြီး နေအိမ်များပျက်စီးကာ လူ ၃၃ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင် ၁၀၀၀ ခန့်က အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

ရော့ခ်ဂီတ ကမ္ဘာထဲက ရှယ်ရီခရိုး

ကောင်းမြတ်သူ ရေးသားသည်

လန်ဒန် ဇွန် ၂

ရော့ခ်ဂီတလောကတွင် အအောင်မြင်ဆုံးအမျိုးသမီးအဆိုရှင်များအနက် ဗြိတိသျှအဆိုတော် ရှယ်ရီခရိုးသည်လည်း အပါအဝင်ဖြစ်သည်။ သူမသည်ကား ရော့ခ်သီချင်းများဖြင့် ပရိသတ်များကို ဆွဲဆောင်မှုအကောင်းဆုံးဖြစ်သလို ရော့ခ်ဂီတဖြင့်ဂရမ်မီဆုများစွာ ဆွတ်ခူးထားသူလည်းဖြစ်သည်။

သူမ၏ မွေးသက္ကရာဇ်ဇာတာကို ဆန်းစစ်သော် ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်ဖြစ်ခြင်းကြောင့် အသက် ၃၉ နှစ်ပင်ရှိချေပြီ။ ရှယ်ရီခရိုးသည် တေးရေးတေးဆို အဆိုတော်တစ်ဦး ဖြစ်သည်။ သူသည် ငယ်စဉ်က ဗြိတိန်နိုင်ငံ ဖင်တန်မြို့ရှိ ဂီတသင်တန်းကျောင်းတွင် တေးရေးတေးဆို ဂီတအတတ်ပညာများကို သင်ကြားတတ်မြောက်ခဲ့သည်။

အဆိုတော်ရှယ်ရီခရိုးသည် နာမည်ကျော်အဆိုတော် မက်ဒေါနားနှင့်တိုယိုတာတို့အတွက် တေးသီချင်းများကိုလည်း ရေးစပ်သီကုံးပေးခဲ့ပါသေးသည်။

တွဲဖက်

ထို့အပြင် အဆိုတော် ရှယ်ရီခရိုးသည် ကမ္ဘာကျော်အဆိုတော်များဖြစ်ကြသည့် ဂျော့ဟာရစ်ဆင်၊ ဂျိုးကွတ်ကာ၊ စတီဗ်ဝင်းနား၊ ရော့ဒ်စတီးဝပ်၊ မိုက်ကယ်ဂျက်ဆင်တို့နှင့်အတူ တွဲဖက်သီဆိုခဲ့ဖူးသူဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ မစ်ဆောရီတက္ကသိုလ် တစ်ခုမှ ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ရှယ်ရီခရိုးသည် ၁၉၉၄ ခုနှစ်တွင် အကောင်းဆုံးအမျိုးသမီး ပေါ့ပ်အဆိုတော်ဆု၊ အကောင်းဆုံး မျက်နှာသစ်အဆိုတော်ဆု၊ တစ်နှစ်တာ အကောင်းဆုံး အယ်လ်ဘမ်ဆုများဖြင့် ဂရမ်မီဆုများ ဆွတ်ခူးရရှိခဲ့သည်။

ဆွတ်ခူးနိုင်ခဲ့

၁၉၉၆ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်များတွင်လည်း အကောင်းဆုံးရော့ခ်သီချင်း သီဆိုဖျော်ဖြေမှုများဖြင့် ဂရမ်မီဆုများချိတ်နိုင်ခဲ့သည်။ ၂၀၀၀-၂၀၀၂ ခုနှစ်တို့တွင်လည်း အကောင်းဆုံးအမျိုးသမီးရော့ခ်သီချင်းဆု ဆွတ်ခူးနိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်များတွင် အကောင်းဆုံး ရော့ခ်အယ်လ်ဘမ်ဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

ရွှေကမ္ဘာလုံးဆု

၁၉၉၈ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ရွှေကမ္ဘာလုံးဆုများ ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၀၃၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် CMT ဂီတဆုများဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

လှည့်လည်ဖျော်ဖြေ

အဆိုတော် ရှယ်ရီခရိုးသည် ကီဗင်ဂဲဘတ်၊ လန့်(စ်)အမ်းစထရောင်း၊ အိုဝင်ဝီလ်ဆင်တို့နှင့် ဘဝကြင်ဖော်များဖြစ်ခဲ့ပြီး စတီဗင်ခရိုးနှင့် ဂျိမ်း(စ်)ခရိုးအမည်ရှိ သားနှစ်ယောက်ရှိသည်။ ယခုအခါ အဆိုတော် ရှယ်ရီခရိုးသည် "Strong Enough" အမည်ရှိ တေးအယ်လ်ဘမ်သစ်ထွက်ရှိခဲ့ပြီး တေးအယ်လ်ဘမ်အရောင်းမြှင့်တင်ရေးဂီတဖျော်ဖြေပွဲများ ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေလျက်ရှိသည်။ ။ **ကိုးကား-အင်တာနက်**

အဆိုတော် ရှယ်ရီခရိုး၏ သီချင်းဖျော်ဖြေမှု။

မောင်ချစ်ကြည် – စုစည်းသည်

ဆပ်ဘလတ္တာ ဖီဖာဥက္ကဋ္ဌ ပြန်လည်ရွေးချယ်ခံရ

ဇူးရစ် ဇွန် ၂

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ဇွန် ၁ ရက်က ကျင်းပသည့် (၆၁)ကြိမ်မြောက် ဖီဖာကွန်ဂရက်၌ လက်ရှိ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ **(အပေါ်ပုံ)**အား နောက်ထပ် လေးနှစ်သက်တမ်းအတွက် ပြန်လည်ရွေးချယ်လိုက်ကြသည်။

ဆွစ်ဇာလန်နိုင်ငံသား အသက် ၇၅ နှစ်အရွယ်ရှိ ဆပ်ဘလတ္တာသည် ၂၀၃ မဲအနက် ၁၈၆ မဲဖြင့် ပြန်လည်ရွေးချယ်ခံရခြင်းဖြစ်သည်။ ဖီဖာဥက္ကဋ္ဌရာထူးအတွက် ယှဉ်ပြိုင်အရွေးခံမည့် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဟာမက် ဘင်ဟမ်းမင်း နုတ်ထွက်သွားသဖြင့် ဆပ်ဘလတ္တာသည် ဖီဖာဥက္ကဋ္ဌ ရာထူးအတွက် တစ်ဦးတည်းကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေးဗစ်ဘန်စတိန်းက ဇွန် ၁ ရက် နံနက်ပိုင်းက ဖီဖာဥက္ကဋ္ဌရာထူး ရွေးချယ်ရာတွင် လျှို့ဝှက်မဲပေးမှုကို ဖျက်သိမ်းရန်တောင်းဆိုပြီး ရွေးချယ်ပွဲကို ရွှေ့ဆိုင်းရန် လှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့သော်လည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ဆပ်ဘလတ္တာသည် ဖီဖာဥက္ကဋ္ဌရာထူးကို ၁၉၉၈ ခုနှစ်မှ စတင်ကာ လေးကြိမ်ဆက်တိုက် ရွေးချယ်ခံရသူ ဖြစ်သည်။ **(အင်တာနက်)**

ချစ်ကြည်ရေးခြေစမ်းပွဲ နိုင်ဂျီးရီးယား အနိုင်ရ

အဘူဂျာ ဇွန် ၂

နိုင်ဂျီးရီးယားအသင်းနှင့် အာဂျင်တီးနားအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့၌ ဇွန် ၁ ရက်က ယှဉ်ပြိုင်ကစားရာ နိုင်ဂျီးရီးယားက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နိုင်ဂျီးရီးယားအသင်းအတွက် ဂိုးများကို ပွဲချိန် ၁၀ မိနစ်နှင့် ၅၇ မိနစ်တို့၌ အူချေကနှစ်ဂိုး သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၂၇ မိနစ်တွင် အိုဘင်နာဆိုဖာက တစ်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲချိန် ၅၃ မိနစ်၌ အီမီနီကီက တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် နိုင်ဂျီးရီးယားတို့ လေးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားအတွက် ချေပဂိုးကို ပွဲချိန် မိနစ် ၉၀ ၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဘိုဆီလီက သွင်းယူပေးခဲ့သဖြင့် အာဂျင်တီးနားတို့ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် ဇွန် ၂

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ပြည်နယ်ဝန်ကြီးများ လိုက်ပါလျက် မေ ၃၀ရက် မွန်းလွဲပိုင်းက သထုံခရိုင် ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက်၌ တည်ဆောက်လျက်ရှိသည့် အလျားပေ၁၂၀× အနံပေ၃၀ရှိ အာရ်စီ တစ်ထပ် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် အပြီးသတ်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မော်လမြိုင်မြို့နယ် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အလျား ၇၅ ပေ× အနံပေ၅၀ရှိ တိုးချဲ့ခန်းမဆောင်သစ် တည်ဆောက်ပြီးစီးမှု၊ မြိုင်သာယာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် မြိုင်သာယာလမ်းဘေး ဝဲ/ယာသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် တိုးချဲ့ကမ်းနားလမ်း၌ ယခင်တည်ဆောက်ပြီးစီးသည့် လမ်းအရှည် တစ်မိုင်ခုနစ်ဖာလုံနှင့် အသစ်တည်ဆောက်ပြီးသည့် လမ်းအရှည် ပေ၂၀၀၀တို့တွင် အကျယ်ခုနစ်ပေနှင့် အမြင့်သုံးပေ သုံးလက်မရှိ လက်ရန်းတိုင်နှင့် ပလက်ဖောင်းကို ရောင်စုံဘလောက် အုတ်ချပ်များ ခင်းကျင်းဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စင်ကာပူသံအမတ်ကြီးနှင့် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert H.K Chua အား မေ ၁၅ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့သည် အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံခဲ့ကြသည်။(အပေါ်ပုံ)

ဆွေးနွေး

တွေ့ဆုံပွဲတွင် နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကိုလည်း ပိုမိုလုပ်ပိုင်ခွင့်ရရှိစေရေးအတွက်ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ ပြည်သူများအတွင်း ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် လျင်မြန်ချောမွေ့ လွယ်ကူမှုရှိစေရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်သင်ကြားလျက်ရှိသောသင်တန်းများတွင်ကူညီပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရေး ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။**(ကုန်သည်/စက်မှုအသင်းချုပ်)**

ကွင်းဆင်းဆောင်ရွက်

ပုသိမ်မြို့နယ်အမှတ်(၄)ရပ်ကွက်နယ်မြေအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်) ဦးမျိုးထိုက်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြင်းစီးအားကစား ဒိုင်လူကြီးသင်တန်းတက်ရန် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၂

ဇွန် ၂ရက်မှ ၄ရက် အထိ ထိုင်းနိုင်ငံ၌ ဖွင့်လှစ်မည့် အပြည်ပြည်ဆိုင်ရာ ခရီးရှည် မြင်းစီးအားကစား ဒိုင်လူကြီးသင်တန်းသို့ တက်ရောက်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ မြင်းစီးအားကစား အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးငြိမ်းကျော် ခေါင်းဆောင်သော မြန်မာနိုင်ငံ မြင်းစီးအားကစား အဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးချို နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

မြန်မာနိုင်ငံ မြင်းစီးအားကစား အဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ဝင်များ အဖြစ် ဦးကျော်ကျော်မြင့်ထူးနှင့် မြန်မာ့မြင်းစီးအားကစား လက်ရွေးစင်ဟောင်း ဒေါ်အေးသက်တာတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂

စာကြည့်တိုက်အဆောက်အအုံသစ် လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာ၌ဖွင့်

လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စု ကွမ်းခြံရွာသုတပဒေသာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ သာယာဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ကွမ်းခြံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ဆက်လက်၍ သာယာဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းတင်၊ မြို့နယ်အခွန်ဦးစီးအရာရှိ ဦးကျော်လှိုင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖ ဦးမြသိန်းတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အလင်းရောင် စာကြည့်တိုက်သစ် သာယာဝတီမြို့နယ်၌ဖွင့်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ဇိမ်ဇာအုပ်စု ဇိမ်ဇာကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်သည့် အလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီခွဲက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ (ယာပုံ)

ထို့နောက် အလှူရှင် ဦးဆောင်းတင်မိသားစုက ငွေကျပ်၁၀၀၀၀၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သူက ငွေကျပ် ၂၀၀၀၀ နှင့် စာအုပ်စာစောင်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ စာအုပ်စာစောင်များကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဖူးပွင့်သစ်စာကြည့်တိုက် မြန်အောင်၌ဖွင့်

ဟင်္သာတခရိုင် မြန်အောင်မြို့နယ် လဟာပေါက်ကျေးရွာ ဖူးပွင့်သစ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်မြင့်နှင့် လဟာပေါက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းလှိုင်တို့က စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။ ***(အပေါ်ပုံ)***

ဆက်လက်၍ စာကြည့်တိုက်အတွက် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ ငွေပဒေသာပင် ငွေကျပ် တစ်သိန်းနှင့် စာအုပ်စာစောင်၇၀၀ကို တာဝန်ရှိသူများက လက်ခံယူကြသည်။ စာကြည့်တိုက် အဆောက်အအုံသစ်မှာ နိုင်ငံတော် မတည်ငွေအပါအဝင် ကျေးရွာပြည်သူများထည့်ဝင်ငွေ စုစုပေါင်း ငွေကျပ် ၂၇၅၀၀၀၀ဖြင့် တည်ဆောက်ထားရာ အလျား ၂၄ပေ၊ အနံ ၁၈ ပေ ကျယ်ဝန်းပြီး သွပ်မိုး၊ အုတ်ညှပ်ဖြစ်ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ဆုတံဆိပ်ရရှိမှု ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂

မြန်မာဘရူဝါရီလီမိတက် မြန်မာဒဘယ်စထောင်းမှ နိုင်ငံတကာထုတ်လုပ်မှုဆိုင်ရာဆု (BIIA) ရွှေတံဆိပ်နှင့် ချန်ပီယံဆုဖလား စုစုပေါင်း နှစ်ဆုရရှိခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို မေ ၃၁ရက် ညနေ၄နာရီက အင်းလျားလိတ်ဟိုတယ်၌ကျင်းပရာ အခမ်းအနားတွင် မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဦးနေဝင်းက ရွှေတံဆိပ်နှင့်ချန်ပီယံဆုဖလား ရရှိမှုနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး ဆုပေးပွဲကို ဗီဒီယိုဆလိုက်များဖြင့် ပြသသည်။

သွားရောက်လှူဒါန်း

မြန်မာဘရူဝါရီလီမိတက်သည် ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိရာ စာဖတ်ခြင်းဖြင့် ဘဝလမ်း တိုးတက်နိုင်ကြစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်ရတနာ သုတစာကြည့်တိုက်၊ ချောက်မြို့ ဩဇာတောကျေးရွာစာကြည့်တိုက်၊ ချောင်းနက်ကျေးရွာ စာကြည့်တိုက်၊ တောင်တွင်းကြီးမြို့နယ် ပေတောကျေးရွာ စာကြည့်တိုက်၊ ရေနံချောင်းမြို့နယ်များသို့ စုစုပေါင်း ငွေကျပ်၁၂သိန်းခန့် တန်ဖိုးရှိ သုတ၊ ရသ စာအုပ်အမျိုးအစားအစုံ ၉၈၀ခန့် အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အသက်(၁၀၂)နှစ်ပြည့် မွေးနေ့ဆုတောင်း

ဘွားဘွား ဒေါ်သန်းအေး (မော်လမြိုင်)၏ ယနေ့တွင် ကျရောက်သော အသက်(၁၀၂)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တူ၊ တူမ၊ မြေး မြစ်များနှင့် ကျန်းမာချမ်းသာ ပျော်ရွှင်စွာနေနိုင်ပါစေ-

ကြီးကြီးသန်းကိုချစ်ကြသော

ညီမ ဒေါ်ညွန့်ညွန့်သိန်းနှင့်
တူ၊ တူမ၊ မြေး၊ မြစ်များ။

Ph: 01-253143, 09-5136746, 09-73048435
S.S

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ကျွန်မ မဆုဝေဖြိုး ၁၀/မလမ(နိုင်)၁၆၄၂၆၁ နှင့် မောင်အောင်မင်းထွန်း ၁၂/လသန(နိုင်)၀၁၉၁၃၉တို့သည် အကြောင်းမညီညွတ်ပါသဖြင့် စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းလိုက်ပါသည်။

မဆုဝေဖြိုး။

ဂုဏ်ယူဝမ်းမြောက်ခြင်း

"မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း" မှ ၂၀၁၁ ခုနှစ်ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့လှုပ်ရှားဆောင်ရွက်မှုအထိမ်းအမှတ်ဆုရရှိကြောင်း (၇၉)ကြိမ်မြောက်ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)ညီလာခံတွင် ကြေညာခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ။

ဒေါက်တာမြမာန် (ဥက္ကဋ္ဌ) နှင့် အဖွဲ့ဝင်များအားလုံး
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟို)

မိုးရွာသွန်းမှုများ

၂-၆-၂၀၁၁

ခန္တီးမြို့	၃ ဒသမ ၀၇ လက်မ
ဟုမ္မလင်းမြို့	၂ ဒသမ ၈၀ လက်မ
ကော့သောင်းမြို့	၂ ဒသမ ၇၁ လက်မ
ဘီးလင်းမြို့	၂ ဒသမ ၀၁ လက်မ
အောင်လံမြို့	၀ ဒသမ ၅၅ လက်မ

ဂုဏ်ယူဝမ်းမြောက်ခြင်း
"မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း" မှ ၂၀၁၁ ခုနှစ်ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့လှုပ်ရှားဆောင်ရွက်မှုအထိမ်းအမှတ်ဆုရရှိကြောင်း (၇၉)ကြိမ်မြောက်ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)ညီလာခံတွင် ကြေညာခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးခင်စိုး ၁၂/ဥကတ(နိုင်) ၁၃၂၄၅၆ နှင့် ဒေါ်အီဆင်းလ ၁၃/ကတန(နိုင်) ၀၀၀၂၉၈ တို့သည် ၂-၆-၂၀၁၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ် တရားရုံး မြို့နယ် တရားသူကြီးရှေ့မှောက်၌ ကွာရှင်းပြတ်စဲ ပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်စိုး
၁၂/ဥကတ(နိုင်)၁၃၂၄၅၆။

ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်၍ စီးရမည်။

ဦးအေးနိုင် C.D.C-38248 C/K UNITEAM MARINE LIMITED ၁၀/မဒန(နိုင်)၀၈၉၄၆၅၏ ၂၈-၅-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၁၇)ပါ ကြေညာချက်နှင့်ပတ်သက်၍ ဦးအေးနိုင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်

၁။ ဦးအေးနိုင်၏ ၂၈-၅-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇) ကြေညာချက်ပါ

(၁) ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်မာဃလမ်း၊ အမှတ် ၁၀၊ အခန်း ၃-အေ၊တိုက်ခန်း။

(၂) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ် (၅၉)ရှိ ရွှေစင်ဦး အာမခံရတနာရွှေဆိုင်လုပ်ငန်း။

(၃) မော်တော်ဆိုင်ကယ်၊ဟွန်ဒါဒရင်း(မ်)အမှတ်-၂ယ/၁၅၁၆၁(၁)စီးတို့မှာ ဦးအေးနိုင်နှင့် ဒေါ်မြသန္တာဦးတို့၏ လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်ပါသည်။

၂။ ဒေါ်မြသန္တာဦးမှာ မော်လမြိုင်မြို့ (အထက-၁၂) ကျောင်းတွင် အလယ်တန်းပြဆရာမ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒေါ်မြသန္တာဦး ၁၀/မလမ(နိုင်)၁၀၂၆၄၂နှင့် ဦးအေးနိုင် ၁၀/မဒန(နိုင်)၀၈၉၄၆၅တို့မှာ ၂၇-၁၀-၂၀၀၀ရက်တွင် မော်လမြိုင်မြို့၊ ပြည်နယ်တရားသူကြီး ဦးညွန့်တင်ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ပြီး ယနေ့အချိန်ထိ တရားဝင်အကြင်လင်မယားဖြစ်ပါသည်။

၃။ ဦးအေးနိုင်က ဒေါ်မြသန္တာဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ လင်မယားနှစ်ဦးပိုင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်မာဃလမ်း၊ အမှတ် ၁၀၊ အခန်း ၃(အေ)တိုက်ခန်း၏ ဒေါ်မြသန္တာဦးအမည်ပေါက်တိုက်ခန်း ပိုင်ဆိုင်မှုစာချုပ်မူရင်းကို ဦးအေးနိုင်၏ညီ ဦးအောင်ကျော်စွာ ၁၀/မဒန(နိုင်)၁၀၄၁၃၄၄၏ သဘော်ကုမ္ပဏီဖြစ်သော MIRACO MARINE SERVICES ကုမ္ပဏီတွင် ၃၀-၁၁-၂၀၀၅ရက်က အာမခံအဖြစ် ပေးအပ်ခဲ့သဖြင့် ဒေါ်မြသန္တာဦးလက်ဝယ် ယနေ့အချိန်အထိ ပြန်လည်မရရှိသေးပါ။

၄။ ဦးအေးနိုင်သည် နိုင်ငံခြားသင်္ဘောသားတစ်ဦးဖြစ်၍ ဦးအေးနိုင် သင်္ဘောထွက်သည့် အခါတိုင်း ဇနီးဖြစ်သူ ဒေါ်မြသန္တာဦးအား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့သည်မှာ ယနေ့အချိန်အထိဆိုလျှင် ၁၀နှစ်ကာလ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ဦးအေးနိုင်နှင့် ဒေါ်မြသန္တာဦးတို့မှာ တရားဝင်အကြင်လင်မယားဖြစ်၍ ဦးအေးနိုင်က ဒေါ်မြသန္တာဦးအား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာမှာ ယနေ့အချိန်အထိ တည်မြဲလျက်ရှိပါသည်။ ဦးအေးနိုင်တစ်ဦးတည်းသဘောဖြင့် ရုပ်သိမ်းပိုင်ခွင့်မရှိပါ။

၅။ ယခုတစ်ခေါက် ဦးအေးနိုင်၏ ပြည်ပခရီးစဉ်အတွက် လိုအပ်သည်များကို ဇနီးဖြစ်သူ ဒေါ်မြသန္တာဦးက မယားဝတ္တရားနှင့်အညီ ပြင်ဆင်ထုပ်ပိုး၍ လိုက်ပါပို့ဆောင်ခဲ့ပြီး ဦးအေးနိုင်ပြန်လာမည့်ရက်ကို ဒေါ်မြသန္တာဦးထံ ဆက်သွယ်ပြောကြားခြင်းမရှိသဖြင့် ဒေါ်မြသန္တာဦးက ဦးအေးနိုင်ပြန်လာမည့်ရက်ကို ဦးအေးနိုင်၏ UNITEAM MARINE LIMITED သင်္ဘောကုမ္ပဏီတွင် စုံစမ်းသိရှိရသည့်အတွက် ၁၆-၂-၂၀၁၁ရက်တွင် လေယာဉ်ကွင်း၌ သွားရောက်ကြိုဆိုခဲ့ရာတွင် ဦးအေးနိုင်က ဒေါ်မြသန္တာဦးအား ဦးအေးနိုင်၏မိခင်၊ အစ်မနှင့်လေဆိပ်ရှိ အများသူငှာရှေ့မှောက်တွင် ခါးခါးသီးသီး၊ အော်ဟစ်ပြောဆို၊ လျစ်လျူရှုမှုကိုခံရသဖြင့် ဒေါ်မြသန္တာဦးမှာ အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရပြီး လင်မယားနှစ်ဦးပိုင် တာမွေမြို့နယ် အောင်မာဃလမ်း၊ အမှတ် ၁၀၊ အခန်း ၃(အေ)၊ တိုက်ခန်းမှ ခင်ပွန်းသည်အား သွားရောက်စောင့်ဆိုင်းခဲ့ပါသော်လည်း ဦးအေးနိုင်က ရောက်မလာတော့သည့်အပြင် လစာ ၁၀လစာကိုလည်း ဇနီးသည် ဒေါ်မြသန္တာဦးအား ယနေ့အချိန်အထိ ပေးအပ်ခြင်းမရှိဘဲ လင့်ဝတ္တရားပျက်ကွက်လျက်ရှိပါသည်။ သို့ပါ၍ ဒေါ်မြသန္တာဦးက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထံ ဦးအေးနိုင်၏ မရိုးမဖြောင့်သော လုပ်ရပ်များအပေါ် စာဖြင့် အသိပေးရှင်းပြတိုင်ကြားခဲ့ပြီး တိုက်ခန်းကိုသော့ခတ်၍ မိဘများရှိရာ မော်လမြိုင်မြို့သို့ ပြန်လာခဲ့ရခြင်းဖြစ်ပါသည်။

၆။ ဦးအေးနိုင်၏ ကြေညာချက်အပိုဒ် (၂)၊ (၃)ပါ စွပ်စွဲဖော်ပြချက်များမှာ မှန်ကန်ခြင်းမရှိပါ။ မော်တော်ဆိုင်ကယ် [ဟွန်ဒါဒရင်း(မ်)၂ယ/၁၅၁၆၁]မှာ လင်မယားနှစ်ဦးပိုင်ဖြစ်ပြီး အမည်ပြောင်းသည့်အချိန်က ဦးအေးနိုင် မြန်မာပြည်တွင်မရှိ၍ ဖခင်ကြီးမှ သဘောရိုးဖြင့် ကူညီဆောင်ရွက်ပေးခဲ့ခြင်းသာဖြစ်ပြီး ထိုမော်တော်ဆိုင်ကယ်နှင့် ဦးအေးနိုင်အမည်ပေါက် စာရွက်စာတမ်းမူရင်းများကို ဦးအေးနိုင်နှင့်ရှေ့နေ ဦးဌေးအောင်တို့ကိုယ်တိုင် ဒေါ်မြသန္တာဦးထံမှ ရယူသွားခဲ့ပြီးဖြစ်ပါသည်။

၇။ ဦးအေးနိုင်ကိုယ်တိုင်က ရှေ့နေ ဦးဌေးအောင်မှတစ်ဆင့် ဒေါ်မြသန္တာဦးထံ ၂၄-၉-၂၀၁၁ရက်စွဲပါ အကြောင်းကြားစာ၊ ၆-၅-၂၀၁၁ရက်စွဲပါ အကြောင်းကြားစာတို့ ပေးပို့ခဲ့ပြီး၊ ဒေါ်မြသန္တာဦးက ရှေ့နေမှတစ်ဆင့် ၉-၅-၂၀၁၁ရက်စွဲပါ အကြောင်းပြန်ကြားစာ၊ ၁၂-၅-၂၀၁၁ရက်စွဲပါ အကြောင်းပြန်ကြားစာတို့ဖြင့် ဦးအေးနိုင်ထံ အကြောင်းပြန်ကြားခဲ့ခြင်းတို့အပေါ် ဖြစ်ရပ်မှန်များကို ထိန်ချန်၍ ဒေါ်မြသန္တာဦးအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန် ဦးအေးနိုင်က တစ်ဖက်သတ်ကြေညာချက် ထည့်သွင်းလာခြင်းဖြစ်ပါသည်။

၈။ အထက်အပိုဒ် (၁)ပါ ပစ္စည်းအရပ်ရပ်မှာ ဦးအေးနိုင်နှင့်ဒေါ်မြသန္တာဦးတို့ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းဖြစ်ကြောင်းနှင့် ဒေါ်မြသန္တာဦးအမည်ပေါက် တိုက်ခန်းပိုင်ဆိုင်မှုစာချုပ်မူရင်းအား ဦးအေးနိုင်၏ညီ ဦးအောင်ကျော်စွာအတွက် အာမခံပေးထားသည့် MIRACO MARINE SERVICES သင်္ဘောကုမ္ပဏီမှ ဦးအေးနိုင်က ပြန်လည်ရယူပေးရန်၊ ဦးအေးနိုင်၏ လစာ ၁၀လစာကို တရားဝင်ဇနီး ဒေါ်မြသန္တာဦးလက်ဝယ် ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအေးနိုင်နှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်မြသန္တာဦး ၁၀/မလမ(နိုင်)၁၀၂၆၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၇၃)

ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)	ဦးမိုးမင်းဆွေ (စဉ်-၂၈၆၄၁)၊
ဒေါ်သိန်းသိန်းစိုး (စဉ်-၃၃၈၃၆)	ဒေါ်ကလျာဝင်း (စဉ်-၃၄၂၁၁)၊
ဒေါ်ယမင်းဦး (စဉ်-၃၅၅၉၃)	ဒေါ်သဲယုဇင် (စဉ်-၃၆၉၃၁)

အထက်တန်းရှေ့နေများ
အမှတ်(၅၅) တတိယထပ်၊ အခန်း(၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄။

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန်လ ၅ ရက်။

ဒို့ကျေးရွာဂျာနယ်ထွက်ပါပြီ

နေပြည်တော် ဇွန် ၂

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၁)ကို ဇွန် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သူရဲကောင်းတို့တိုင်းပြည် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂

မြဝတီ စာပေတိုက်က စာရေးဆရာ ဒေါက်တာထီလာစစ်သူ (ဗိုလ်မှူးကြီးစိုးညွန့်-ငြိမ်း)၏ **သူရဲကောင်းတို့တိုင်းပြည်** (The Country of Heroes) စာအုပ်အား အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပထမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်းစာအုပ်သည် ဆရာကြီး ဒေါက်တာထီလာစစ်သူ မကွယ်လွန်မီ နောက်ဆုံးရေးသားခဲ့သော စာအုပ်ဖြစ်သည်။

ဤစာအုပ်ကို မြဝတီစာပေတိုက် အမှတ်(၁၅) တပ်မြေမိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၂၇၃၊ ၅၄၄၈၉၄ မှ ထုတ်ဝေဖြန့်ချိပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလယ်ပိုင်းဒေသများ မိုးဆက်လက်လျော့နည်းနေမည်

နေပြည်တော် ဇွန် ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

ဇွန် ၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြင်းခြံသွားလမ်း ကန်ပေါင်ဘေး ဝဲ၊ ယာ တစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို မေ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မေ ၂၅ ရက်က ဒေးဒရဲမြို့တွင်း လမ်းဘေး ဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ ရုံးကြီးကွက်သစ် (၁)လမ်း ရေမြောင်းကြီးအား ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးခင်မောင်သန်း-ဒေါ်ထွေးတို့၏သား

မောင်ဗိုလ်ဗိုလ်ကျော်

B.E (Electronics) Director, Pacific High Tech Int'l Group of Companies
Myanmar Pacific Mining Group

နှင့်

မန္တလေးမြို့နေ
ဦးအောင်ဇော်ထွေး [လက်ထောက်မန်နေဂျာ (ငွေကြေး)၊ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်]-
ဒေါ်ခင်ဆွေဦး [ဒု/ကြီးမှူး၊ မြန်မာ့စီးပွားရေးဘဏ်၊ (ငြိမ်း)]တို့၏တစ်ဦးတည်းသောသမီး

မသန္တာအောင်(ခ)တိုးတိုး

(B.Pharm) ဆေးသိုလှောင်ရေးဌာန၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး

တို့၏ ၈-၅-၂၀၁၁ရက်တွင် မန္တလေးမြို့၊ အခွန်ဝန်မင်းကြီးကျောင်း (မိုးထားကျောင်းတိုက်)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၅-၅-၂၀၁၁ရက်တွင် မန္တလေးမြို့ Sedona Hotel(Amarapura Ballroom) ၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာနှင့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော Pacific High Tech Int'l Group of Companies ဥက္ကဋ္ဌဦးထွန်းနိုင်နှင့် ဇနီးဒေါ်သင်းသင်းလွင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော မြစ်ငယ်ဆေးရုံ၊ တာဝန်ခံအထူးကုဆရာဝန်ကြီး ဒေါက်တာဦးမြင့်ဆွေနှင့် ဇနီးဒေါ်အမာရည်အားလည်းကောင်း၊ စုလျားပဝါရစ်ပတ်၍ ရေစင်သွန်းလောင်းပေးပါသော မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းမန်နေဂျာကြီး ဦးသိန်းတိုးနှင့်ဇနီး ဒေါ်သိန်းအေးအားလည်းကောင်း၊ မင်္ဂလာဘိသိက်ဩဘာပေးပါသော ဒေါက်တာမြတ်သစ်အားလည်းကောင်း၊ မေတ္တာဖြင့် မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုစစ်သွေးကျော်နှင့်အဖွဲ့အားလည်းကောင်း၊ မြို့မတေးဂီတအဖွဲ့နှင့် မြနန္ဒာမြန်မာမှုတေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မပိုး၃၊ မင်္ဂလာအောင်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မအေးချမ်းမြတ်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမဟေသီဝင်း၊ စုလျားပဝါဗန်းကိုင်ဆောင်ပေးသော မဝါဝါအောင်၊ သတို့သားအရံ မောင်မျိုးဇော်ဦးနှင့် မောင်တင့်ထူးအောင်၊ သတို့သမီးအရံ မမာလာအောင်နှင့် မကျော့ကျော့ခိုင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ဒီဇိုင်နာကိုမျိုးမင်းစိုးနှင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဆင် အိတုံ၊ ပန်းအလှဆင်မယ်ကင်း၊ လက်ဝတ်ရတနာညိမ်းချမ်းရေးတို့အားလည်းကောင်း၊ ဖိတ်စာများရိုက်နှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်အားလည်းကောင်း၊ ၂၂-၅-၂၀၁၁ရက်တွင် ရန်ကုန်မြို့ Sedona Hotel(Mindon Rooms) ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲနှင့် ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော Prewedding Photo များနှင့် မေတ္တာဖြင့် မင်္ဂလာဓာတ်ပုံရိုက်ကူးပေးသော Aroma Wedding Dress & Photo Studio ၊ မင်္ဂလာဓာတ်ပုံရိုက်ကူးပေးသော မလိမ္မာ(မြန်မာစာ)နှင့်အဖွဲ့၊ မိတ်ကပ်အလှဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ The Aces တေးဂီတအဖွဲ့တို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ရန်ကုန်နှင့် မန္တလေး Sedona Hotel များမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဗိုလ်ဗိုလ်ကျော်-မသန္တာအောင်(ခ)တိုးတိုး။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သမာဓိ(၅)လမ်း၊ အမှတ်(၁၃-ခ)နေ
(ဦးထွန်းရှိန်)-ဒေါ်စန်းအေးတို့၏သားထွေး

မောင်မြင့်မြင့်ကို

B.C.Tech(Q) Diploma in Computer Arts (Level-3)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မောင်းမကန်ကမ်းသာလမ်း၊
အမှတ်(၉၄-က)နေ ဦးအောင်ကြည်-ဒေါ်မြင့်မြင့်ဝင်းတို့၏သမီး

မမေမျိုးထက်

B.Sc(Chemistry) Diploma in Information Technology
Diploma in Computerised Accounting(UK)
Diploma in Business Studies (UK), Diploma in Computer Arts (Level-3)

တို့၏ ၅-၁၂-၂၀၁၀ရက်တွင် Moon Bakery ၌ ပြုလုပ်သော စေ့စပ်မင်္ဂလာညှော်ခံပွဲ၊ ၁၂-၅-၂၀၁၁ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နော်သန်းသန်းအေး၊ ၂၂-၅-၂၀၁၁ရက်တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး(ရောခန်းမ)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော အန်တီကြီးဒေါက်တာဒေါ်သီသီနွယ် (မြမင်းသရဖူဆေးခန်း)၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် စိတ်စေတနာထက်သန်စွာဖြင့် စီစဉ်ကူညီပေးပါသော မမဒေါက်တာဒေါ်မီမီစိုး (မြမင်းသရဖူဆေးခန်း) နှင့် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော မြမင်းသရဖူဆေးခန်းမှ မန်နေဂျာနှင့် ညီအစ်ကိုမောင်နှမများအားလည်းကောင်း၊ Forever Group (Dip.CA) မှ မန်နေဂျာနှင့် ဆရာမများ၊ ဝန်ထမ်းများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဆင်မြန်းပေးပါသော ငယ်ငယ်၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ပိုင်ဗီဒီယိုရိုက်ကူးရေးအဖွဲ့၊ အခမ်းအနားပြင်ဆင် ညှော်ခံကျွေးမွေးပေးပါသော မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးမှဝန်ထမ်းများနှင့် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြင့်မြင့်ကို-မမေမျိုးထက်။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
စက္ကူ၊ မင်၊ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အောက်ဖော်ပြပါ စက္ကူ၊ မင်၊ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(1)	**Newsprint Paper (48.8 Gsm)**	
	(28 ¼" , 30", 34")	2000 MTs
(2)	**Woodfree Paper**	
	{(27"x34") (60gsm), 31"x43"(70gsm), 23 ½"x33" (A 1)70gsm 23 ½"x33" (A 1) (100 gsm) }	12 MTs
(3)	**(a) Art Card**	
	(1) A 1 (260 gsm)	10 MTs
	(2) A 1 (205 gsm)	5 MTs
	(3) Crome Coated	5 Reams
	(b) Others Paper	
	(1) MG Pressing (205 gsm) 31"x43" (Green)	5 MTs
	(2) Colour Pulp Board 22"x29" (210gsm) (Dark Pink)	50 Reams
	(3) Colour Pulp Board 31"x43" (196gsm) (Light Blue)	20 Reams
	(4) Colour Pulp Board 22"x29" (200gsm) (Pink)	10 Reams
	(5) White Pulp Board A1 (200gsm)	35 Reams
	(6) Minifold 18"x23" (45gsm) (Green)	75 Reams
	(7) Minifold 18"x23" (45gsm) (Pink)	75 Reams
	(8) Minifold 18"x23" (45gsm) (Yellow)	75 Reams
	(9) Minifold 18"x23" (45gsm) (Blue)	75 Reams
(4)	**Sheetfed Offset Ink**	
	(a) Green (5 kg/ Tin)	1000 Kgs
	(b) Gold (1kg/Tin)	15 Kgs
(5)	**Imagesetter Film**	
	(a) Fuji Film (45.9 cm x 61m)	6 Rolls
	(b) Blue Print Paper	15 Rolls
(6)	**Plate & Chemicals**	
	(a) Negative Plate	
	(1) 915x626x 0.3 mm	6000 Shts
	(2) 1035x740x0.3mm	300 Shts
	(3) 650x550x0.3mm	100 Shts
	(b) Positive Plate (1065x785x0.3mm)	400 Shts
	(c) Wipe On Developer & Others	
	(1) Gum Solution (5 Lit/ Bot)	60 Bots
	(2) Fountain Solution (5 Lit/ Bot)	60 Bots
	(3) Plate Cleaner (1 Lit/ Bot)	30 Bots
	(4) Positive Plate Cleaner (1 Lit/ Bot)	30 Bots
	(5) Gum Arabic (5 Lit/ Bot)	30 Bots
(7)	**Stiching Wire**	
	(a) 23 Guage (2kg)	1500 Coils
	(b) 24 Guage (2kg)	100 Coils
	(c) 22 Guage (5kg/ Coil)	100 Coils
(8)	**ပုံနှိပ်ရေးပစ္စည်းများ**	
	(a) Master Roll (RA)	10 Rolls
	(b) Rubber Blankets	
	(1) 889x626x1.63mm	8 Shts
	(2) 915x610x1.9mm	20 Shts
	(3) 915x636x1.9mm	30 Shts
	(c) Rubber Blanket (With T-Bar)	
	(1) 760x780x 1.95 mm	20 Shts
	(2) 840x865x 0.3mm	15 Shts
	(3) 785x740x 1.96mm	20 Shts
	(4) 889x626x 1.96mm	50 Shts
	(d) Dampaning Roller Hose	
	(1) 160 mm (25m)	3 Coils
	(2) Dampaning Roller Hose 3¾"(Orient)	2 Coils
	(3) Dampaning Roller Hose 3"(NBG 423)	2 Coils
	(4) Duplicator JP-755 Master Roll (CPMT 21)	15 Rolls
	(5) Duplicator JP-755 Ink (CPI 10)	20 Ctgs
(9)	**စက်အရန်ပစ္စည်းများ (စက်အရန်ပစ္စည်း ၉၄ မျိုး)**	

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ရက် ၁၅:၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်မိုးခိုင်၏ P.P 664458 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၅၄၁၁၇၆။**

ရောင်းမည်

တစ်မိနစ်လျှင် အတုံး ၁၅၀ မှ ၂၂၀အထိ ထွက်သော ကိုယ်တိုက်ဆပ်ပြာမွှေးစက်နှင့် ထုပ်ပိုးစက်ရောင်းရန်ရှိသည်။ (ပစ္စည်းအစုံအလင်)
ဖုန်း-၆၈၄၅၃၂၊ ၆၈၅၆၅၃၊ ၀၉-၅၁၂၈၁၀၆။

လေအေးပေးစက်

အဟောင်းအပျက်များ
ဈေးကောင်းပေးဝယ်မည်။
ဖုန်း-၀၉-၇၃၀၅၈၄၁၂။

မြေကွက်ရောင်းမည်

မိတ္ထီလာနည်းပညာတက္ကသိုလ်၊
အဝင်လမ်းမကြီးဘေး
ပေ၁၀၀ပတ်လည်၊နှစ်(၃၀)ဂရန်မြေ။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၉၃၂၉၆။

အမည်ပြောင်း

အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စတုတ္ထတန်း(A) နေပြည်တော်မှ (ဘ)ဗိုလ်မှူးလင်းဗိုလ်နောင်၏ သမီးဖြစ်သူ မစုဗိုလ်နောင်လင်းအား မအိမြတ်လင်းဗိုလ်နောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

အမြန်ရောင်းမည်

100 KVA Transformer
Tread Machine
(ပိုက်ဖြတ်/အရစ်ဖော်စက်)
ဖုန်း-၀၉-၄၃၀၅၅၂၄၉။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၂) နေ ကိုယဉ်ထွန်း ၁၂/ရကန(နိုင်)၀၀၄၁၂၇ ၏ ဇနီးဖြစ်သူ မဆွေဆွေမြင့် ၁၂/ဥကတ(နိုင်) ၁၃၄၉၇၆ သည် ၁၂-၄-၂၀၁၁ရက်တွင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါ၍ နောက်နောင် မဆွေဆွေမြင့်၏ ကိစ္စမှန်သမျှသည် ကျွန်တော်ကိုယဉ်ထွန်းနှင့် ကျွန်တော်၏မိသားစုတို့နှင့် မည်သို့မျှ ပတ်သက်မှုမရှိပါကြောင်း၊ တာဝန်မယူပါကြောင်း။
ကိုယဉ်ထွန်း။

အမည်ပြောင်း

ဒေါက်တာစိုးအောင် ၁၂/ဒဂန(နိုင်)၀၀၆၇၃၃၏သမီး အထက(၉) မော်လမြိုင်(G III,C)မှ မပြည့်ပြည့်စိုးအောင်အား မစိုးဆုစံနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မစိုးဆုစံနိုင်။**

ပန်လုံမြို့၌ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ပန်လုံ ဇွန် ၂

ဟိုပန်မြို့နယ် ပန်လုံမြို့၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက ပန်လုံအထက ရွှေသံလွင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူက ပန်လုံဒေသတွင် တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများသည် ဒေသလုံခြုံမှုရှိသဖြင့် ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ လူငယ်များအားကစား လိုက်စားလာရေး စသည်များကိုဆောင်ရွက်ကြရန်မှာကြားသည်။ ဆက်လက်၍ ဌာနဆိုင်ရာများကိုယ်စား ယာယီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေမိုးဦးက ဌာနဆိုင်ရာရုံးတည်နေရာ၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပန်လုံမြို့ အဝင်၌ ဆောက်လုပ်နေသည့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။
(၄၀၂)

လှိုင်မြို့နယ် (၁၂)ရပ်ကွက် ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ရုံးခန်းဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက်က ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုး၊ ရပ်ကွက်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစိုးပိုင်၊ မြို့နယ်သာသနာနုဂ္ဂဟ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဇော်ဦးတို့ ရုံးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၂၁)

စပါးတစ်ဧကတင်း ၁၀၀ နှုန်း အထက်ထွက်ရှိရေး သိပ္ပံနည်းကျ စိုက်နည်းစနစ် ပညာပေးဟောပြော

တောင်ငူ ဇွန် ၁

စပါးတစ်ဧက တင်း ၁၀၀ နှုန်း အထက်ထွက်ရှိရန် လိုက်နာရမည့် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက် ပညာပေးဟောပြောပွဲကို မေ ၂၄ ရက် နံနက်၁၀နာရီက တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာ ဘုရားသုံးဆူ ဓမ္မာရုံ၌ ကျင်းပသည်။

ပြန်လည်ဆွေးနွေး

ပညာပေးဟောပြောပွဲတွင်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဦးကြိုင်က စိုက်နည်းစနစ် ၁၄ ချက်ကို ရှင်းလင်း ဆွေးနွေးပြီး တက်ရောက်လာသည့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံ ပြည်သူများနှင့် တောင်သူများက သိလိုသည်များကို ပြန်လည်ဆွေးနွေး ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)

ငါးသယံဇာတထိန်းသိမ်းရေး သနပ်ပင်မြို့၌ ပညာပေးဟောပြော

သနပ်ပင် ဇွန် ၁

ပဲခူးတိုင်းဒေသကြီး သနပ်ပင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှသဘာဝ သယံဇာတ ထိန်းသိမ်းရေးနှင့် တရား မဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်း ဆီးရေး ပညာပေးဟောပြောပွဲကို သနပ်ပင်မြို့ စက်ကုန်းပိုင်းရပ်ကွက်၌ မေ ၂၆ ရက်က ကျင်းပသည်။

ဆွေးနွေး

ဟောပြောပွဲတွင်ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက သဘာဝ ငါးသယံဇာတထိန်းသိမ်းရေး နှင့် တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေး၊ မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် ဥချသားပေါက်ရန် ငါးရစ်တက်လာကြသော ငါးထီး၊ ငါးမကြီးများအား ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရေး၊ ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာတားမြစ်ချက်များ၊ပြစ်ဒဏ်များ၊ လိုက်နာဆောင်ရွက်ရေး စသည်တို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိရှိလို၍ မေးမြန်းသော အကြောင်းအရာများကိုပြန်လည် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ငါးလုပ်ငန်းဦးစီးဌာန)

မြို့နယ် သတင်း ထွေတလာ

သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့ ကျိုက်လတ်မြို့၌ ဖွဲ့စည်း

ကျိုက်လတ် ဇွန် ၁

ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီး ဌာနတွင် မေ၂၀ရက်က သဘာဝဘေး အန္တရာယ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းခဲ့ရာ ဖွဲ့စည်းထားရှိမှုနှင့် ဆက်စပ်အထောက်အကူပြုပစ္စည်းများ ထားရှိမှုကို မီးသတ်ညွှန်ကြားရေး မှူးချုပ် ဦးတင်မိုးက လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီက မြို့နယ်အတွင်း လုပ်ငန်းများ ဆောင် ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော ကျိုက်လတ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညွန့်သောင်း၊ စခန်းမှူး ရဲအုပ်အောင်နိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်သန်းလွင်နှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖ များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် များက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။**(ဝဲပုံ)**

(မြို့နယ်မီးသတ်ဦးစီး)

ပေးအပ်လှူဒါန်း

တောင်ငူမြို့နေ သတင်း ထောက် ဦးကျော်လှနှင့် ဇနီး ဒေါ်ဒေဝကီးဒေဝီ(သမာဓိ)တို့၏ (၅၆)နှစ်ပြည့် မင်္ဂလာ အထိမ်း အမှတ် ကုသိုလ်ဒါနအဖြစ် မွန် ပြည်နယ်မော်လမြိုင်မြို့ ရွှေဗျိုင်း ဖြူ ဘုရားလမ်းရှိ ဘုရားမုခ်ဦး အတွက် အလှူငွေကျပ် တစ်သိန်း နှင့် မူလတန်းအဆင့် ကလေး များ၏ ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ်နှစ်သိန်း စုစုပေါင်း ကျပ် သုံးသိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးမာန့ ထံသို့ ပေးအပ်လှူဒါန်းစဉ်။

(၁၁၅)

ဝက်နားရွက်ပြာရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါများ မအူပင်၌ ဟောပြော

မအူပင် ဇွန် ၁

မအူပင်ခရိုင်ဓနုဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ၂၈ရက် ညနေပိုင်းက ဝက်နားရွက်ပြာရောဂါနှင့် အခြား တိရစ္ဆာန်ကူးစက်ရောဂါများအကြောင်း ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က အမှာစကား ပြောကြားပြီး မြို့နယ် မွေး/ကုဦးစီးမှူး ဒေါက်တာ စနေမျိုး အောင်က သားသတ်လိုင်စင်လုပ်ငန်း ရှင်များ၊ ရောင်းဝယ်သူများ၊ ဒေသခံ မွေးမြူသူများကို တိရစ္ဆာန်ကူးစက် ရောဂါများအကြောင်း ပညာပေးဟော ပြောသည်။

ဟောပြောဆွေးနွေး

ထို့နောက် မြို့နယ်မွေး/ကု ဦးစီး မှူး ဒေါက်တာစနေမျိုးအောင်၊ ဒုတိယ ဦးစီးမှူး ဒေါက်တာစိုးလှိုင်ဝင်းနှင့်အဖွဲ့ သည် မေ ၂၉ ရက်ကလည်း မြို့နယ် အတွင်းသားသတ်ရုံများ၊ရောင်းဝယ်သူ များထံသွားရောက်၍တိရစ္ဆာန်ကူးစက် ရောဂါများကာကွယ်ရေးနှင့်စပ်လျဉ်း ၍ ပညာပေးဟောပြောဆွေးနွေးခဲ့ကြ သည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မအူပင်မြို့ အထက(၁) ကျောင်းလမ်းဘေး ရေမြောင်းအား အငယ် တန်းအင်ဂျင်နီယာ(၂) ဒေါ်တိုးတိုးအောင်နှင့် အဖွဲ့ဝန်ထမ်းများ မေ ၂ ရက်က ရှင်းလင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မေ ၁၂ ရက်က သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် အဖွဲ့ပိုင်အမှိုက်သိမ်းယာဉ်ဖြင့် မြို့ပေါ် ရပ်ကွက်များအတွင်း အမှိုက်သိမ်းဆည်း ဆောင်ရွက်နေမှုကို မေ ၁၂ ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ်တွင် ကြာပန်း-ဝီယော်-ချောင်းစောက်လမ်း ဖောက်လုပ် နေမှုကို မေ ၃ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်းရေမြောင်းများ တူးဖော်နေခြင်းကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးဖုန်းလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင် သန်းလွင် ရှင်းလင်းတင်ပြစဉ်။ (၁၃၃)

ဥက္ကံမြို့ ဝတ်ကျောင်းလမ်းထိပ် ရန်ကုန်-ပြည်ကားလမ်းအောက်ရှိ ရေနုတ် မြောင်း၌ အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းခြင်းကို မေ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးထိန်လင်း ကြီးကြပ်ဆောင်ရွက် စဉ်။ (မြို့နယ်စည်ပင်)

ဖခင်အမည်မှန်

အလက-၃၊ အင်းစိန်၊ စတုတ္ထတန်း(အောင်)မှ စောသောထူးစေး၏ ဖခင်အမည်မှန်မှာ စောဆာနီကမ္ဘီး ၁၂/အစန(နိုင်)၁၅၅၈၉၂ဖြစ်ပါသည်။
စောဆာနီကမ္ဘီး
၁၂/အစန(နိုင်)၁၅၅၈၉၂။

အမည်ပြောင်း

ဦးဝင်းထွန်း၏သမီး မော်လမြိုင်မြို့ အထက-၉ Grade V1 D မှ မထူးထက်ထက်ဝင်းအား မသင်းသော်တာအောင်ဟု ပြောင်းလဲခေါ်ပါရန်။
မသင်းသော်တာအောင်။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ H၊ မြေကွက်အမှတ် ၁၇၄၊ မြေကွက်တည်နေရာ အမှတ် ၇၊ စက်မှုလက်မှု ၄ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် ဦးလှမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှမောင်(ဖခင်)နှင့် ဒေါ်ချို(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြမြသန်း ၁၂/တမန(နိုင်)၀၁၅၇၈၇၇က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ၊ မြေကွက်အမှတ် V-၁၇၊ မြေကွက်တည်နေရာအမှတ် ၆၄၊ ၁၃၃ လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ် ကိုမောင်ထွန်း အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ထွန်း(ဖခင်) ဒေါ်ခင်ကြည်(မိခင်)၊ ဦးစောထွန်း(သား)၊ ဦးဗိုလ်ဗိုလ်ထွန်း(သား)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ချို ၁၂/တမန(နိုင်)၀၆၂၁၁၄၊ ဒေါ်ကြည်ကြည်ခင် ၁၂/မဂတ(နိုင်)၀၆၁၈၇၃၊ ဒေါ်မေခိုင်လတ် ၁၂/တမန(နိုင်)၀၀၀၃၅၆တို့က သမီး၊ ချွေးမ၊ မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

(1)	Nikon Flash Speed Light (SB-900)	2 Nos
(2)	Digital Camera (D-300s & Nikon Lens AF SDX VR Zoom)	2 Nos
(3)	Telephone Set	20 Nos
(4)	D-Link Gigabit Switch 16-Port (100 Mbps-1000 Mbps)	2 Nos
(5)	Digital Recorder	1 No
(6)	Air Conditioner (Split Type)(2HP) With Installation Material	2 Nos

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ရက် ညနေ ၃း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

ပြည်တွင်း၊ ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၅၃၆၀၂၉၊ ၅၃၄၅၇၄။

အိမ်ရောင်းမည်

မ/ဒဂုံ၊ (၉)ရပ်ကွက်၊ ရွှေပဒေသာလမ်း၊ ကုန်ပဒေသာမှတ်တိုင်၊ ဈေးနီး၊ ကျောင်းနီး၊ ပိုင်ရှင်ကိုယ်တိုင်။
ဖုန်း-၀၉-၅၁၅၅၉၄၁၊
၀၉-၅၁၀၀၅၉၁။

ကားရောင်းမည်

SUZUKI R⁺ (၅ခ/…)
ပစ္စည်းစုံ၊ ကားသန့်(အပြာရောင်)
ကျပ် ၂၀၅သိန်း။
ဖုန်း-၀၉-၅၁၇၃၈၆၀၊
၀၉-၅၀၃၁၉၄၂။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၅၀/ခ၊ မြေကွက်တည်နေရာအမှတ် ၄၅၀/ခ၁၃လမ်း၊(၁၁)ရပ်ကွက်၊တောင်ဥက္ကလာပ ဦးသန်းညွန့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းညွန့်နှင့် ညီဖြစ်သူ ဦးတင်ဝင်း (လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ဒေါ်သိန်းသန်း ၁၂/ဥကတ(နိုင်)၀၁၄၀၈၂က တစ်ဦးတည်းသော ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၇၉၂/၁၀ / ၂၀-၁၂-၁၀ ဖြင့် GP- ခင်ညီမ်းလင်း ၁၂/ဥကတ(နိုင်)၁၂၆၁၉၀ က မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ရုံးသုံးစာရေးကိရိယာများ၊ ရုံးသုံးကရဖပုံစံနှင့် ပြေစာစာအုပ်များ၊ မိတ္တူကူးဆေးနှင့် ပရင်တာသုံး ဆေးဘူးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ ချိပ်ပိတ်တင်ဒါများကို ၂၀၁၁ခုနှစ် ဇွန် ၁၇ရက် (သောကြာနေ့) ညနေ ၄နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၅၃၅စသို့လည်းကောင်း စုံစမ်းနိုင်ပါသည်။
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ရုံးအမှတ် ၂၉၊ နေပြည်တော်။

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက-၂၊ အဋ္ဌမတန်းမှ မယမုံဇင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိုးအေးဖြစ်ပါကြောင်း။
ဦးစိုးအေး ၆/မအရ(နိုင်)၀၉၄၃၄၃။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၁၅၇၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၅၇၄/ခ၊ ထူပါရုံ ၁၈ လမ်း၊ ၁/ထူပါရုံ ရပ်ကွက်၊ သာကေတ ဦးသောင်းရွှေ-ဒေါ်တင်လှိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်လှိုင်ကွယ်လွန်သဖြင့် ဦးသောင်းရွှေ ၁၂/သကတ(နိုင်)၀၉၄၁၅၇၇က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ B²၊ မြေကွက်အမှတ် ၆၈/၁၃၊ မြေကွက်တည်နေရာအမှတ် ၅၂၊ ဂန္ဓမာလမ်း၊ စမ်းချောင်း ဒေါ်တင်စိန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်စိန်နှင့် ခင်ပွန်းဦးရွှင်တို့ ကွယ်လွန်သဖြင့် ဦးဝင်းကြည် ၁၂/စခန(နိုင်)၀၃၃၂၉၈နှင့် ဒေါ်ခင်ဝင်း ၁၂/စခန(နိုင်)၀၂၉၂၆၈တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ထန်းတပင်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ထန်းတပင် ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ထန်းတပင်မြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အခြေခံပညာအထက်တန်းကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပသည်။ ဆက်လက်၍ အလှူငွေပေးအပ်ပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းငွေကျပ် ၅၃၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးကလည်းကောင်း၊ အလှူရှင် အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်းက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၄၈)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲအတွက် ဧပြီ ၂၁ ရက်က ဦးစန်းလွင်-ဒေါ်ခင်စောမြင့် မိသားစုက အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဟန်လွင်က လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၀၇)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ဖျာပုံ၌ကျင်းပ

ဖျာပုံ ဇွန် ၁

ဖျာပုံမြို့ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက အထက(၁)အောင်မြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်နှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဖြူဖြူဝင်းက ကျောင်းအပ်နှံရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ ကျောင်းအပ်နှံရေးနှင့် ပတ်သက်သည့် စာရင်းဇယားများကို မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်သည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ယင်းနောက် ကျောင်းအပ်နှံရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် အလှူရှင်များက စာရေးကိရိယာများနှင့် အလှူငွေကျပ်သိန်း ၂၀ ကို မြို့နယ် ပညာရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၁၃၂)

ကျွန်းသစ်နှင့် သစ်မာများ သီပေါ၌ တိုးချဲ့စိုက်ပျိုးမည်

သီပေါ ဇွန် ၁

အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့နယ် သစ်တောဦးစီးဌာနက တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် သစ်မာပင် ၂၀ စိုက်ပျိုးရေးနှင့် စီးပွားဖြစ် ကျွန်းစိုက်ခင်းများ ထူထောင်နိုင်ရေးအတွက် ပျိုးပင်များ လုံလောက်မှုရှိရေး ဆောင်ရွက်လျက်ရှိသည်။ **(အောက်ယာပုံ)**

စိုက်ပျိုးသွားမည်

သီပေါမြို့နယ် သစ်တောဦးစီးဌာနက တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်ဖြင့် အိမ်ထောင်စုပေါင်း ၁၇၀၀ တွင် ကျွန်းပင်ပေါင်း အပင် ၅၁၀၀၊ တစ်အိမ်ထောင်သစ်မာပင် ၂၀ နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၈၀ တွင် အပင်ပေါင်း ၁၆၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေး ဝဲယာတစ်လျှောက် ကျွန်းပင် ၇၀၀၊ ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧက၊ ဌာနဆိုင်ရာများနှင့် ပြည်သူများသို့ ကျွန်းပင် ၄၅၀၀၊ ယူကလစ်ပင် ၃၀၀၀ နှင့် အခြားသစ်မာပင် ၅၄၀၀ တို့ကို စိုက်ပျိုးနိုင်ရန်အတွက်လည်း မြို့နယ်သစ်တောဦးစီးဌာနက ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၇၂)

ဟိုပင်မြို့ ဈေးများအတွင်း ကွင်းဆင်းစစ်ဆေး

ဟိုပင် ဇွန် ၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်တွင် မေ ၉ ရက် နံနက်က တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ မွေးမြူရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံ ဦးသိန်းလွင်တို့ ဟိုပင်မြို့တွင်းရှိ ဈေးများအတွင်း ကျန်းမာရေးနှင့် ညီညွတ်သော အသားများနှင့် ဥများ ရောင်းချခြင်းရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းထွေတလာ

စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်

ရန်ကုန် ဇွန် ၁

LCCI(UK) စာမေးပွဲများကို ကမ္ဘာတစ်ဝန်းတွင် ကျင်းပလျက်ရှိပြီး နှစ်စဉ် ကျောင်းသား ငါးသိန်းခန့် ဝင်ရောက်ဖြေဆိုလျက်ရှိရာ ၂၀၁၀ ခုနှစ်အတွက် ကမ္ဘာနှင့် မြန်မာမှ ဆုတံဆိပ်ရရှိသူ ၆၇ ဦး ရှိသည့်အနက် ၂၁ ဦးမှာ ဦးနေလင်းအောင် စာရင်းကိုင်သင်တန်းကျောင်းမှ ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဦးနေလင်းအောင် စာရင်းကိုင်သင်တန်းကျောင်းသည် LCCI (UK)၏ စာရင်းကိုင်သင်တန်းများအပြင် ACCA နှင့် CAT Finance Courses များ၊ MYOB ကွန်ပျူတာစာရင်းကိုင်သင်တန်းများ၊ စာရင်းကိုင်သင်တန်းများကို လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေသူများအတွက် လုပ်ငန်းခွင်မဝင်မီ ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရှိရသည်။ အသေးစိတ် စုံစမ်းသိရှိလိုပါက အမှတ်(၁၈/၄ဘီ) ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ်သို့လည်းကောင်း၊ ဖုန်း-၀၁-၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉-၅၁၇၀၁၀၅ နှင့် ၀၉-၇၃၁၀၈၄၀၉ တို့ထံသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
  ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလီယွန်ချောင်တို့ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ၂ ဇွန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Commercial Aircraft Corporation of China နှင့် AVIC International Holding Corporation တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလီယွန်ချောင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ ❐

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ **Commercial Aircraft Corporation of China** နှင့် **AVIC International Holding Corporation** တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလီယွန်ချောင်တို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)